မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်၊ ၂၀၁၁ ခုနှစ်၊ မတ် ၁၄ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၆၅)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့

ပဋ္ဌမအစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဋ္ဌမအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စတင်ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီးသူရဦးမြင့်မောင်၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာသန့်ဇင်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဋ္ဌမအစည်းအဝေး၏ ဩဝါဒါစရိယ ဆရာတော်ကြီး(၅)ပါးအား တင်မြှောက်သည်။

ဖတ်ကြားလျှောက်ထား

အစည်းအဝေးတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် *စာမျက်နှာ ၃ ကော်လံ ၁* ✻

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) ကတ္တရာလမ်းသစ်၏ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)ကတ္တရာလမ်းသစ်ဖွင့်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်ချီးမြှင့်၍ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

နေပြည်တော်မှ မကွေးမြို့အထိ ယာဉ်မောင်းချိန် သုံးနာရီခန့်ဖြင့် သွားလာနိုင်ပြီ

နေပြည်တော် မတ် ၁၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဖောက်လုပ်ခဲ့သော နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ခရိုင် ဥတ္တရသီရိမြို့နယ် နေပြည်တော်-တောင်ညိုလမ်းပိုင်း၏ ပန်းတင်လမ်းဆုံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်ချီးမြှင့်၍ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ လမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်မောင်မောင်အေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ■

ယနေ့ဖွင့်လှစ်လိုက်သည့် နေပြည်တော် - တောင်ညို - မြို့သစ် - ကန်ပြား(မကွေး) ကတ္တရာလမ်းသစ်သည် နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်နှင့် မြို့သစ်မြို့နယ်တို့ကို ဖြတ်သန်းဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး လမ်းအရှည် (၁၀၆)မိုင် (၂)ဖာလုံ၊ မြေသားတာပေါင် အကျယ်ပေ (၄၀)၊ ယာဉ်သွားလမ်းအကျယ် (၁၂)ပေနှင့် လမ်းခံနိုင်ဝန် တန် (၄၀)ရှိသောလမ်းဖြစ်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မတ် ၁၄ ရက်)

တည်ငြိမ်အေးချမ်းမှုနှင့်အတူ သယံဇာတကြွယ်ဝသည့် မြန်မာနိုင်ငံ

မြန်မာနိုင်ငံသည် ရေ၊ မြေ သဘာဝသယံဇာတများ ကြွယ်ဝသောနိုင်ငံဖြစ်သည်။ သဘာဝသယံဇာတများ ကြွယ်ဝသည့်အလျောက် အဖိုးတန်အရည်အသွေးကောင်းသည့် တွင်းထွက်ရတနာများသည်လည်း များစွာထွက်ရှိသည်။

မြန်မာ့တွင်းထွက်ရတနာများကို ပြသသည့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ မတ်လ ၁၀ ရက်နေ့က စတင်ကျင်းပလျက်ရှိသည်။

မဏိရတနာကျောက်စိမ်းခန်းမတည်ရှိသည့် မြေဧရိယာသည် ၂၁ ဒသမ ၄၂ ဧက ရှိပြီး ခန်းမသည် အလျားပေ ၁၅၂၊ အနံပေ ၆၂၀ ရှိသည်။ ပင်မအဆောက်အအုံသည် 3 Storeyed RC Steel Structure Building အမျိုးအစားဖြစ်သည်။ အလျားပေ ၅၅၀၊ အနံပေ ၄၆၀၊ အမြင့်ပေ ၁၁၀ ရှိသည်။ မြေအောက်ထပ်၊ မြေညီထပ်၊ ပထမထပ် သုံးခုပေါင်း၏ ကြမ်းခင်းဧရိယာသည် ၂၃၉၄၂၅ စတုရန်းပေရှိသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၁၉၆၄ ခုနှစ်မှ စတင်ကျင်းပလာခဲ့သည်မှာ (၄၈)ကြိမ်မြောက် ရှိခဲ့ပြီဖြစ်သည်။ ယခုကျင်းပလျက်ရှိသည့် (၄၈)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲကို မတ်လ ၁၀ ရက်မှ ၂၂ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ ခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။

အဆိုပါပြပွဲတွင် မြန်မာနိုင်ငံမှထွက်ရှိသော ကျောက်စိမ်းအရိုင်းတုံးများ၊ သွေးပြီးကျောက်စိမ်းအချောများ၊ ကျောက်မျက်အရိုင်းများ၊ သွေးပြီးကျောက်မျက်အချောများ၊ ပုလဲလုံးများ၊ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲတို့ဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများ၊ ရုပ်တုရုပ်ထွင်းများ၊ ပုံဆောင်ခဲများ၊ ကျောက်ကပ်ပန်းချီကားများ၊ ငွေထည်ပစ္စည်းများ ခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြည်တွင်းကျောက်မျက်ရတနာကုမ္ပဏီပေါင်း ၅၀၀၀ ကျော် ပါဝင်ပြသလျက်ရှိပြီး နိုင်ငံပေါင်း ၂၀ မှ နိုင်ငံခြားသားရတနာကုန်သည် ၄၀၀၀ ခန့်နှင့် ပြည်တွင်းရတနာကုန်သည် ၃၀၀၀ ကျော် တက်ရောက်ဝယ်ယူလျက်ရှိသည်။

သို့ဖြစ်ရာ ကျောက်မျက်ရတနာပြပွဲကို နှစ်စဉ်ကျင်းပနိုင်ခြင်းဖြင့် နိုင်ငံတော်အတွက် နိုင်ငံခြားငွေ ပိုမိုရရှိသည့်အပြင် နိုင်ငံတော်၏ သာယာဝပြောမှု၊ အေးချမ်းတည်ငြိမ်မှုနှင့် မြန်မာ့သဘာဝသယံဇာတ ပေါကြွယ်မှုတို့သည် အံ့မခန်းဖြစ်ကြောင်းကို ပြည်ပမှရောက်ရှိလာသော ရတနာကုန်သည်များကတစ်ဆင့် ကမ္ဘာက သိမြင်နိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အဝေးပြေးခရီးသည်ပို့ဆောင်ရေး ယာဉ်ရပ်နားစခန်း လပွတ္တာမြို့သစ်၌ ဖွင့်ပွဲကျင်းပ

လပွတ္တာ မတ် ၁၃

လပွတ္တာခရိုင် လပွတ္တာမြို့သစ် အဝေးပြေးခရီးသည်ပို့ဆောင်ရေး ယာဉ်ရပ်နားစခန်းဖွင့်ပွဲကို မတ် ၁၀ ရက် ညနေ ၆ နာရီက အဆိုပါ ယာဉ်ရပ်နားစခန်းရှေ့၌ကျင်းပရာ ရှေးဦးစွာ လပွတ္တာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမြင့်စိုး အမှာစကားပြောကြားသည်။

ဆက်လက်၍ လပွတ္တာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမြင့်စိုး၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဦး၊ မြို့နယ်မော်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင် ဦးတိုးတိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဧရာသစ်လွင်မော်တော်ယာဉ်လိုင်းမှ ဂိတ်မှူး ဦးကျန်ကီးက အဝေးပြေးခရီးသည် ပို့ဆောင်ရေး ယာဉ်ရပ်နားစခန်း ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။ လပွတ္တာမြို့မှ ရန်ကုန်မြို့သို့၊ ရန်ကုန်မြို့မှ လပွတ္တာမြို့သို့ အောင်သုခ၊ စွမ်းအားရှင်၊ ရွှေလဝန်း၊ ချမ်းမြေ့အေး ကားလိုင်းများက နေ့စဉ်ပို့ဆောင်ပေးလျက်ရှိပြီး ဧရာသစ်လွင်ကားလိုင်းက လပွတ္တာမြို့မှ ပုသိမ်မြို့သို့၊ ပုသိမ်မြို့မှ လပွတ္တာမြို့သို့ လည်းကောင်း၊ ရွှေတာဖြိုးကားလိုင်းကလည်း လပွတ္တာမြို့မှ မြောင်းမြမြို့သို့၊ မြောင်းမြမြို့မှ လပွတ္တာမြို့သို့ နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

ရိုးရာပန်းပညာရှင်များ အစည်းအရုံး သန်လျင်မြို့နယ်၌ ဖွဲ့စည်း

ရန်ကုန် မတ် ၁၃

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)မှ သန်လျင်မြို့နယ် ရိုးရာပန်းပညာရှင်များ အစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်ပွဲကို မတ် ၁၁ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းက အမှာစကားပြောကြားပြီး ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဦးသန့်စင် (ပန်းချီလှတင်ထွန်း)၊ အတွင်းရေးမှူး ဦးကြည်ဝင်း(Today) တို့က ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်နှင့် ဖွဲ့စည်းပုံစည်းမျဉ်းများကို ရှင်းလင်းတင်ပြကာ ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ အတွင်းရေးမှူး ဦးသော်သော်တင့်တို့ ပါဝင်သော အလုပ်အမှုဆောင်ရှစ်ဦးဖြင့် မြို့နယ်ရိုးရာပန်းပညာရှင်များ အစည်းအရုံးကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၀၄၂)

ဇလွန်မြို့နယ်အတွင်း မြို့အဝင်/အထွက် လမ်းမကြီးဘေးဝဲယာ သန့်ရှင်းသာယာလှပမှုရှိရေးအတွက် မတ် ၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်းနှင့် အဖွဲ့ဝန်ထမ်းများ မြို့အဝင် ဆိုင်းဘုတ်ပတ်ဝန်းကျင်တွင် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၃

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်းဥက္ကဋ္ဌ ဦးရဲရင့်ဝင်းက ICT for Accountants ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို မတ် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ် ၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် မတ် ၂၃ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမထပ်သို့ မှတ်ပုံတင်ကြေးပေး သွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား သင်တန်းသူများအနေဖြင့် ဟောပြောပွဲ တက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှလာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သိရှိရသည်။ *(မြန်မာ့အလင်း)*

မြေကြီးမြေပုံနှင့် မြေစာရင်းမှန်ကန်ရေး ကလေးမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

ကလေး မတ် ၁၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန (ရုံးချုပ်)၏ ၂၀၁၀-၂၀၁၁ ခုနှစ် မြေတိုင်းစီမံချက်အရ ကလေးခရိုင် ကလေးမြို့နယ်က ကွင်းပေါင်း ၁၀ ကွင်း တိုင်းတာလျက်ရှိရာ ဖေဖော်ဝါရီ ၁၅ ရက်က ကလေးခရိုင် မြေစာရင်းဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းသည် ကလေးမြို့နယ် မြေစာရင်းရုံးမှ လက်ထောက်ဦးစီးမှူးနှင့် မြေတိုင်းစာရေးများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ကွင်းဝန်ထမ်းများနှင့်အတူ ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာအုပ်စု ကွင်းအမှတ် (၆၄(ခ)ပြင်) ကွင်း၌ မြေကြီးမြေပုံနှင့် မြေစာရင်းမှန်ကန်ရေးအတွက် ခေတ်မီမြေတိုင်းကိရိယာ (Total Station)ဖြင့် ကွက်ကြဲမြေတိုင်းတာမှုလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (အောက်ပုံ) (၀၄၀)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး အိမ်မဲမြို့နယ်၌ ကွင်းဆင်းစစ်ဆေး

အိမ်မဲ မတ် ၁၃

မြောင်းမြခရိုင် အိမ်မဲမြို့နယ် ရေသိုးညောင်ဝိုင်းကျေးရွာအုပ်စု မကျီးကုန်းကျေးရွာတွင် မတ် ၄ ရက်က ၂၀၁၀ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို အိမ်မဲမြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးခင်မောင်ဝင်းနှင့် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်း စီမံကိန်းရုံးမှဦးစီးအရာရှိ ဦးတင်ကိုဦးတို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (ယာပုံ) (မြို့နယ် ပြန်/ဆက်)

*** ရှေ့ဖုံးမှ**

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီဘိဝံသက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူ၍ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြား လျှောက်ထားကာ ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၃၃ ရာခိုင်နှုန်း ကြွရောက်တော်မူကြသဖြင့် အစည်းအဝေး အထမြောက်ကြောင်း ကြေညာသည်။

ထို့နောက် ကြွရောက်တော်မူလာကြသော ဆရာတော်များက "သာသနသဿ လောကဿ၊ ဝုဍ္ဍိ ဘဝတုသဗ္ဗဒါ၊ သာသနမ္ပိစလောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ" ဂါထာ ကို တညီတညွတ်တည်း သုံးကြိမ်ရွတ်ဆိုလျက် အစည်းအဝေးကို ဖွင့်လှစ်သည်။

ယင်းနောက် အစည်းအဝေး အစီအစဉ်များကို အခမ်းအနားမှူး ဆရာတော်က လျှောက်ထားပြီး အစည်းအဝေး၏ အတည်ပြုချက်ရယူသည်။

ဆက်လက်၍ ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး ဩဝါဒါစရိယ ဆရာတော်ကြီး(၅)ပါး၏ ဩဝါဒကထာများကို ဆရာတော်များက ဖတ်ကြားတော်မူကြသည်။

ဩဝါဒကထာ

ယင်းနောက် အစည်းအဝေး သဘာပတိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။

(သဘာပတိ ဆရာတော်၏ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို သီးခြား ဖော်ပြထားပါသည်။)

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးတို့မှ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဦးတည်ချက်ဖြင့် ကြွရောက်တော် မူလာကြသော သာသနာ့ဦးသျှောင် ဖြစ်တော်မူကြသည့် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ဘုရားကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အရှင်မြတ်တို့အား ဖူးမြော်ပူဇော်ခွင့်ရရှိပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားခွင့် ရသည့်အတွက် ကြည်နူးသဒ္ဓါ စေတနာကဲပို မဟာကုသိုလ်တရားများ တိုးပွားဖြစ်ပေါ်ရပါကြောင်း ရှေးဦးစွာ လျှောက်ထားအပ်ပါကြောင်း။

သာသနာ့စိတ်ဓာတ်

အရှင်မြတ်တို့သည် သာသနာ့အာဇာနည် မဟာထေရ်အရှင်မြတ်တို့၏ ခံယူချက်အတိုင်း ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်မှုကို ရှင့်တော် မမူကြဘဲ သာသနာ့အာဇာနည် မဟာထေရ်အရှင်မြတ်တို့၏ ကျင့်ထုံးကို နှလုံးမူလျက် ကိုယ်ရေးကိုယ်တာ ကိစ္စအဝဝတို့ကို လျစ်လျူရှုကာ သာသနာတော် အရေးကိစ္စကိုသာ အလေးဂရုပြု၍ ကြွရောက်တော် မူလာကြသော ဆရာတော်အရှင်မြတ်တို့၏ သာသနာ့စိတ်ဓာတ်ကို လေးမြတ်ကြည်ညိုလျက် သာသနာတော်အတွက် အားတက်ရွှင်လန်း ဝမ်းမြောက်ရပါကြောင်း။

သုံးလောကထွတ်ထား သဗ္ဗညုရှင်တော်မြတ်ဘုရားသည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီ စာဂ စရိယတို့ကို ပြည့်ဝအောင် ဖြည့်ကျင့် ဆည်းပူးတော်မူ၍ ရရှိတော်မူခဲ့သော သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် လူနတ်ဗြဟ္မာသတ္တဝါများ၏ အကျိုးစီးပွားအလို့ငှာ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို တည်ထောင်တော်မူခဲ့ပါကြောင်း။

သဗ္ဗညုဘုရားရှင် တည်ထောင်တော်မူထားသည့် သာသနာတော်မြတ်ကြီးကို အဓွန့်ရှည်ကြာစွာ တည်တံ့အောင် လက်ဆင့်ကမ်းထမ်းဆောင်နိုင်ကြမည့် ပဉ္စဝဂ္ဂီငါးပါးတို့နှင့်တကွ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်၊ အရှင်မဟာကဿပ၊ အရှင်ဥပါလိ အစရှိသော သာဝကတို့ကို ရဟန်းပြုပေးတော်မူလျက် သံဃာ့အဖွဲ့အစည်းကြီးကိုလည်း ဖွဲ့စည်းတည်ထောင်တော်မူခဲ့ပါကြောင်း။

လက်ဆင့်ကမ်းထမ်းဆောင်

ထိုသံဃာ့အဖွဲ့အစည်းဝင် အရှင်မြတ်တို့သည် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို ဘုရားရှင်လက်ထက်တော်မှစ၍ ယခုမျက်မှောက်ခေတ်တိုင်အောင် လက်ဆင့်ကမ်းထမ်းဆောင်တော်မူလာခဲ့ကြရာ နှစ်ပေါင်း(၂၅၅၄) ခုနှစ်သို့ ရောက်ခဲ့ပြီဖြစ်ပါကြောင်း။

ထိုနှစ်ပေါင်း(၂၅၅၄)နှစ်ဟူသော ခရီးရှည်ကြီးကို လျှောက်လှမ်းလာခဲ့ရသည့် ဗုဒ္ဓသာသနာတော်ကြီးသည် "ခေါက်ရာငှက်ပျံ ခင်ပုပ်ပျံနှင့် ဘုတ်ပျံရှူးပျံ လောကခံဟု ထုံးစံတရား ဤရှစ်ပါးကား၊ ပိုင်းခြားလူမှာ၊ မမြဲစွာတည့်" ဟူသော မန်လည် ဆရာတော်ဘုရားကြီး၏ လင်္ကာဆောင်ပုဒ်အတိုင်းပင် မြင့်ချည်တစ်ခါ၊ နိမ့်ချည်တစ်လှည့်ဖြင့် အလှည့်အပြောင်း အတက်အကျ အခြေအနေများနှင့် ရင်ဆိုင်ခဲ့ရပါသည်ဘုရား။ ဖြောင့်ဖြူးသာယာသည့် ခရီးချောကိုသာ လျှောက်လှမ်းခဲ့ရသည် မဟုတ်ဘဲ ဝိတဏ္ဍာဘေး ရှုပ်ထွေး ထူပြောမချောမမွေ့သည့် ခရီးကြမ်းကြီးများကိုလည်း လျှောက်လှမ်းခဲ့ရကြောင်း သာသနာ့ သမိုင်းမှတ်တမ်းများအရ သိရှိရပါကြောင်း။

ဝင်ရောက်လွှမ်းမိုး

ဗုဒ္ဓသာသနာတော် စတင်ပေါ်ထွန်းခဲ့ရာဖြစ်သည့် အိန္ဒိယနိုင်ငံနှင့်တကွ ရှေးခေတ်က ဗုဒ္ဓသာသနာတော် ထွန်းကားခဲ့သည့် မြန်မာ့အိမ်နီးချင်းနိုင်ငံများ၌ ဗုဒ္ဓသာသနာတော် ကွယ်ပျောက်၍ အခြားဘာသာ သာသနာများ ဝင်ရောက်လွှမ်းမိုးနေသည်ကို ထောက်ရှုပါက မည်မျှကြမ်းတမ်းလှသည့်ခရီးကို လျှောက်လှမ်းခဲ့ရကြောင်း သိသာ ထင်ရှားလှပါကြောင်း။

တပည့်တော်တို့၏ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌လည်း သာသနာပြုမင်းကောင်းမင်းမြတ်များလက်ထက် သထုံခေတ်၊ ပုဂံခေတ်စသော ခေတ်ဦးပိုင်းကာလ၌ ဗုဒ္ဓသာသနာတော် အံ့မခန်း ထွန်းတောက်ခဲ့သော်လည်း သာသနာတော်ကို လျစ်လျူရှုထားသော အချို့ အချို့သော ဘုရင်များလက်ထက်၌ကား ဗုဒ္ဓသာသနာတော် လွန်စွာညှိုးမှိန်ခဲ့ရပါကြောင်း၊ ပွဲကျောင်း ဂိုဏ်းသံဃာများ လက်ထက်၌ သာသနာပိုင်ကိုယ်တိုင် လက်ဖွေ့ထိုးသည်ကို ဘုရင်ကိုယ်တိုင်တက်ရောက်အားပေးခဲ့ကြောင်း သာသနာ့မှတ်တမ်းများ၌ တွေ့မြင်ဖတ်ရှုရသဖြင့် ဗုဒ္ဓသာသနာတော်အတွက် သံဝေဂဖြစ်ဖွယ်ရာ တွေ့ကြုံခဲ့ကြရပါကြောင်း။

တပည့်တော်များ သိမီရာနောက်ပိုင်းခေတ်၌ နယ်ချဲ့တို့၏လက်အောက်ကျရောက်ပြီး နှစ်ပေါင်းရာချီ၍ အုပ်စိုးခံခဲ့ရခြင်း၊ ကြောက်ခမန်းလိလိဖြစ်သော စစ်ဘေး စစ်ဒဏ်ကို အလူးအလဲခံခဲ့ရခြင်းစသော လောကဓံဆိုးများနှင့် ကြိမ်ဖန်များစွာ ရင်ဆိုင်ခဲ့ရသည့်အတွက် သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများ သာသနာ့စိတ်ဓာတ်ပျက်ပြားကာ ဝိနည်းသိက္ခာပုဒ်တော်များကို လေးလေးစားစား မကျင့်သုံးကြတော့ဘဲ ရဟန်းတော်များနှင့် မအပ်စပ်သော **မိစ္ဆာဇီဝ အနေသန**မှုတို့ကို ပြုလုပ်ခြင်း၊ လူပြိန်းကြိုက် **အဓမ္မဝါဒ**များကို ဟောပြောကြလျက် သာသနာ့စင်ပြိုင် အဖွဲ့အစည်းများ တည်ထောင်ခြင်းစသော သာသနာ့အန္တရာယ်များ ပေါ်ပေါက်လာ၍ သာသနာတော် ညှိုးမှိန်ခဲ့ရပြီး ရဟန်းအသွင်ဆောင်၊ ရဟန်းယောင်များလည်း မြို့ရွာဒေသအနှံ့အပြား ပေါ်ပေါက်ခဲ့ကြပါကြောင်း။

အတည်ပြုပြဋ္ဌာန်း

ဤသို့သော **သာသနပစ္စတ္ထိက** သာသနာ့အန္တရာယ်များကို ပယ်ရှားသုတ်သင်လျက် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားစေရန် ရည်သန်တော်မူကြ၍ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၊ ဂိုဏ်းအသီးသီးတို့မှ သာသနာ့ ဦးသျှောင်ဆရာတော်ဘုရားကြီးများသည် နိုင်ငံတော်အစိုးရ၏ ကူညီထောက်ပံ့မှုကို ရယူကြလျက် သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ် (၁၂၁၈)ပါးတို့ တက်ရောက်ကြသည့် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ကျင်းပကာ "သံဃာ့ အဖွဲ့အစည်း အခြေခံစည်းမျဉ်း" နှင့် "လုပ်ထုံးလုပ်နည်းများ" ကို အတည်ပြု ပြဋ္ဌာန်းတော်မူကြပြီးလျှင် ယင်းအခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ရပ်ကွက်၊ ကျေးရွာအဆင့်မှ နိုင်ငံတော်အဆင့်အထိ သံဃာ့ဝန်ဆောင်၊ သံဃနာယက အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းလျက် သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးဟူသော သာသနာ့ကိစ္စတို့ကို ဆောင်ရွက်လာနိုင်ခဲ့ကြပါကြောင်း။

သံဃာ့အဖွဲ့အစည်းကြီး အခိုင်အမာတည်တံ့ရေးအတွက် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများသည် အဓိက ဖြစ်ပါကြောင်း၊ **"ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု =** ဝိနည်းသည် မြတ်စွာဘုရား သာသနာတော်၏ အသက်ဖြစ်၏" ဟူသော ဆရာတော်ကြီးများ ဟောကြားတော်မူသည့် စကားဖြင့် ဥပမာယှဉ်၍ လျှောက်ထားရပါလျှင် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများသည်လည်း သံဃာ့အဖွဲ့အစည်းကြီး ကျစ်လျစ်စွာ တည်တံ့ရေးအတွက် အသက်သွေးကြောပင် ဖြစ်သည်ဟု ဆိုနိုင်ကြောင်း လျှောက်ထားအပ်ပါကြောင်း။

ဤသံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများသည် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကသော် လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကသော် လည်းကောင်း ပယ်ဖျက်ရုပ်သိမ်းမှု မပြုသေးသမျှ ကာလပတ်လုံး တည်မြဲနေမည်သာ ဖြစ်ပါကြောင်း။

တာဝန်ကျေပွန်

သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း တည်မြဲနေသမျှကာလပတ်လုံး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးမှစ၍ ရပ်/ကျေး သံဃနာယကအဖွဲ့အထိ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်လည်း တည်မြဲနေမည်သာဖြစ်ပါကြောင်း၊ ထိုသံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့က လုပ်ထုံးလုပ်နည်းများ၌ ပြဋ္ဌာန်းထားသော မိမိတို့ဆိုင်ရာ လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်နေကြပါက ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးလည်း တည်တံ့ခိုင်မြဲနေမည်သာဖြစ်ပါကြောင်း။

ယခုအချိန်တွင် တပည့်တော်များ နိုင်ငံတော်အစိုးရသည် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို မူဝါဒလမ်းစဉ်များချမှတ်၍ ပြည်ထောင်စုတစ်ဝန်းလုံး လက်တွဲညီညာစွာဖြင့် အားသွန်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဘာသာ သာသနာတော် တိုးတက်ဝေစည်ရေးအတွက်လည်း ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

သာသနာ့အန္တရာယ်

ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးအတွင်းဝယ် သာသနာ့ဝန်ဆောင် ဆရာတော်ကြီးများက ဂန္ထဝိပဿနာနှစ်ဖြာသော ဓုရဝန်တာများကို ဦးဆောင်ကြိုးပမ်းဆောင်ရွက်တော်မူလျက်ရှိချိန်တွင် တစ်ဖက်မှလည်း သာသနာတော်ကွယ်ပျောက် ပျက်စီးစေနိုင်လောက်အောင် နှောင့်ယှက်ဖျက်ဆီးနေကြသည့် သာသနာ့အတွင်းရန်၊ သာသနာ့အန္တရာယ်၊ သာသနာ့ဝန်စီးများ ခေါင်းပြူလျက် ရှိနေပါကြောင်း။

ထို့ပြင် ရဟန်းသာမဏေကောင်းတို့၏ အပြုအမူ အသွင်အပြင် မဟုတ်သည့် သမဏသာရုပ္ပ မဖြစ်သည့် အပြုအမူများကိုလည်း အချို့ဒေသများတွင် ပြုမူလျက်ရှိကြောင်း ဗုဒ္ဓသာသနာတော်အတွက် စိတ်မချမ်းမြေ့ဖွယ် ကြားသိနေရပါကြောင်း။

အဓမ္မဝါဒများ

ထေရဝါဒ ပိဋကတ်စာပေနှင့် ဆန့်ကျင်သည့် ဟောပြောမှု၊ မှားယွင်းနေသည့် မိမိ၏ အတွေးအခေါ် အယူအဆများကို ဟောပြော ပြသထုတ်ဝေဖြန့်ချိမှု အစရှိသော အဓမ္မဝါဒများလည်း ပြန်လည်သက်ဝင် လှုပ်ရှားလျက်ရှိနေကြောင်းလည်း သိရှိရပါကြောင်း။

ယင်းကဲ့သို့ သာသနာ့အန္တရာယ်များကို သာသနာ့ဦးသျှောင်ဆရာတော်ကြီးများဖြစ်ကြသည့် သံဃာ့အဖွဲ့အစည်းများနှင့် နိုင်ငံတော်အစိုးရတို့က အချိန်မီ ပူးပေါင်းတွန်းလှန်ကာကွယ်နိုင်ကြပါမှသာလျှင် ထေရဝါဒဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး သန့်ရှင်း တည်တံ့ပြန့်ပွားဝေစည်နေမည် ဖြစ်ပါကြောင်း ရိုသေလေးမြတ်စွာ အသိပေးလျှောက်ထားအပ်ပါကြောင်း။

လက်တွဲဆောင်ရွက်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကဦးဆောင်၍ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အကူအညီကိုရယူလျက် အထက်အဖွဲ့အစည်းများနှင့် အောက်အဖွဲ့အစည်းတို့ ညီညီညွတ်ညွတ်တိုင်ပင်ညှိနှိုင်းပြီး နိုင်ငံတော်အစိုးရ၏ အားပေးကူညီမှုဖြင့် မျက်ခြည်မပြတ် သတိချပ်လျက် တက်တက်ကြွကြွ လက်တွဲဆောင်ရွက်ကြပါလျှင် သာသနာတော်ကို ကွယ်ပျောက်စေနိုင်သည့် သာသနာ့အန္တရာယ်များ တစ်စတစ်စ ကင်းကွာပပျောက်သွားနိုင်ပြီး သာသနာတော်မြတ်ကြီးသည်လည်း ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးနှင့်အတူ ဝေစည်ထွန်းလင်း တည်တံ့နေမည်ဖြစ်ကြောင်း ယုံကြည်ကြပါကြောင်း။

သာသနာ့ဦးသျှောင် ဝန်ဆောင်ဆရာတော်ကြီးများ သက်ရှည်ကျန်းမာစိတ်ချမ်းသာစွာဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး၏ အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးထမ်းဆောင်တော်မူနိုင်ကြပါစေ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည်လည်း အေးချမ်းသာယာဖွံ့ဖြိုးတိုးတက် နိုင်ပါစေ၊ ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီးနှင့် သံဃာ့အဖွဲ့အစည်းများလည်း အဓွန့်ရှည်ကြာစွာ တည်တံ့နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းရင်း ဘုရားတပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ယင်းနောက် ယခုနှစ် တစ်နှစ်တာကာလအတွင်း ပျံလွန်တော်မူသွားကြသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအတွက် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်သည်။

အတည်ပြုချက်ရယူ

ဆက်လက်၍ အခမ်းအနားမှူး ဆရာတော်က အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို တင်သွင်း၍ အတည်ပြုချက်ရယူသည်။

ယင်းနောက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၏ အစီရင်ခံစာအကျဉ်းကို အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိ ကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒိုပိဋကဓရ ဘဒ္ဒန္တ နိမလက တင်သွင်းလျှောက်ထားပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၏ အစီရင်ခံစာအကျယ်ကို သက်ဆိုင်ရာ ဆရာတော်များက ကဏ္ဍအလိုက် ဖတ်ကြားတင်သွင်း လျှောက်ထားကြပြီး ပထမနေ့အစည်းအဝေးကို ရပ်နားလိုက်သည်။

နေ့ဆွမ်းဆက်ကပ်လှူဒါန်း

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး ပထမနေ့သို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်ဈေးတန်းလမ်း အမှတ် ၂၄၀ နေ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)က နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

သာသနာတော်မြတ်ကြီးကို ကွယ်ပျောက်စေနိုင်သည့် သာသနာ့အတွင်းသား မောဃပုရိသများ၊ သာသနာ့ဘေးရန်များ၊ အန္တရာယ်များကို ဖယ်ရှားတားမြစ်ပြီး သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားအောင်ဆောင်ရွက်

နေပြည်တော် မတ် ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဌမအစည်းအဝေး၌ သဘာပတိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ မြွက်ကြားတော်မူသော အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာမှာ အောက်ပါအတိုင်းဖြစ်သည်-

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဌမအစည်းအဝေးသို့ ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်မှုကို ရှုငဲ့တော်မမူကြဘဲ ကိုယ်ရေးကိုယ်တာ ကိစ္စအဝဝတို့ကို လျစ်လျူရှုကာ သာသနာတော်အရေးကိစ္စကိုသာ အလေးဂရုပြုကာ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ကြွရောက်တော်မူလာကြသော သာသနာ့ဦးသျှောင်ဖြစ်တော်မူကြသည့် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ဘုရားကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်သူမြတ်တို့ဘုရား-

ဆရာတော် အရှင်မြတ်တို့ သက်တော်ရာကျော် ရှည်တော်မူကြလျက် ကိုယ်စိတ်နှစ်ဖြာ ကြည်သာရွှင်လန်းချမ်းမြေ့စွာဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းများကို လုံ့လမလစ် အားသစ်ကြိုးပမ်း ထမ်းဆောင်နိုင်ကြပါစေဟု မေတ္တာပုဗ္ဗင်္ဂမ အာသီသဖြင့် နှုတ်ခွန်းဆက်စကား လျှောက်ထားအပ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

ဘုရားတပည့်တော်တို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးသည် သာသနာတော် သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးဟူသော ဦးတည်ချက်သုံးရပ်ကို အဓိကထားလျက် သာသနာ့ကိစ္စဟူသမျှတို့ကို သာသနာရေးရာ၊ ပညာရေးရာ၊ ဝိနိစ္ဆယရေးရာဟူ၍ ကဏ္ဍသုံးရပ်ခွဲကာ ဆောင်ရွက်နေခြင်းသည် မိမိတို့၏ အကျိုးစီးပွားဖြစ်ထွန်းရုံမျှမဟုတ်ဘဲ တစ်လောကလုံးရှိ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွားအလို့ငှာ ဖြစ်ပါသည်ဘုရား။

မြတ်စွာဘုရားရှင်သည် အင်္ဂုတ္တရနိကာယ် သုဂတဝိနယသုတ်၌-

"သုဂတော ဝါ ဘိက္ခဝေ လောကေ တိဋ္ဌမာနော သုဂတ ဝိနယော ဝါ တဒဿ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ"

"ရဟန်းတို့ မြတ်စွာဘုရားဖြစ်စေ၊ မြတ်စွာဘုရား၏ အဆုံးအမတရားတော်(သာသနာတော်)ဖြစ်စေ၊ လောက၌ တည်ရှိနေလတ်သော် တည်ရှိနေခြင်းသည် လူ၊ နတ်၊ ဗြဟ္မာသတ္တဝါအပေါင်းတို့၏ အကျိုးစီးပွားချမ်းသာများခြင်းငှာ၊ သတ္တဝါအပေါင်းကို ငဲ့ညှာထောက်ထားသနားခြင်းငှာ လူ၊ နတ်တို့၏ အစီးအပွား ချမ်းသာများခြင်းငှာ ဖြစ်၏" ဟူ၍ ဟောကြားတော်မူခဲ့ပါသည်ဘုရား။

ထို့ကြောင့် "ငါတို့၏ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး၌ ဦးတည်ချက်ဖြင့် သာသနာပြုလုပ်ငန်းကိစ္စအဝဝတို့ကို ဆောင်ရွက်နေကြခြင်းသည် ငါတို့အကျိုးစီးပွားအတွက်သာမက တစ်လောကလုံးရှိ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံး၏ အကျိုးစီးပွားများရန်အတွက် ဆောင်ရွက်နေကြခြင်း ဖြစ်သည်" ဟု မိမိတို့သာသနာပြုလုပ်ငန်း၏ အလွန်မွန်မြတ်ပုံကို ဆင်ခြင်စဉ်းစား ပီတိပွားကာ သောမနဿသဟဂုတ်၊ ဉာဏသမ္ပယုတ် မဟာကုသိုလ် စိတ္တုပ္ပါဒ်ဖြင့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဆိုင်ရာ လုပ်ငန်းများကို ဆတက်ထမ်းပိုးတိုး၍ အားကြိုးမာန်တက် ဆောင်ရွက်တော်မူကြပါရန် လေးလေးနက်နက် တိုက်တွန်း လျှောက်ထားပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးကို ဘုရားရှင်လက်ထက်တော်မှစ၍ လက်ဆင့်ကမ်းထမ်းဆောင်တော်မူလာခဲ့ကြရာ ယခုမျက်မှောက်ခေတ်တိုင်အောင် နှစ်ပေါင်း ၂၅၅၄ ခုနှစ်သို့ ရောက်ခဲ့ပါပြီဘုရား။ ထိုနှစ်ပေါင်း ၂၅၅၄ နှစ်ဟူသော ခရီးရှည်ကြီးကို လျှောက်လှမ်းလာခဲ့ရသည့် ဗုဒ္ဓသာသနာတော်မြတ်ကြီးသည် မြင့်ချည်တစ်ခါ နိမ့်ချည်တစ်လှည့်ဖြင့် အလှည့်အပြောင်း အတက်အကျ ရှိခဲ့ပါသည်။ ဖြောင့်ဖြူးသာယာသည့် ခရီးချောကိုသာ လျှောက်လှမ်းခဲ့ရသည် မဟုတ်ဘဲ ဝိတဏ္ဍာဘေးရှုပ်ထွေးထူပြော မချောမမွေ့သည့် ခရီးကြမ်းကြီးများကိုလည်း လျှောက်လှမ်းခဲ့ရပါသည်ဘုရား။

သာသနာတော်၌ ရံဖန်ရံခါ ဖြစ်ပေါ်လာသည့် အဓမ္မဝါဒဘေးရန်များကိုလည်း သာသနာ့ဝန်ဆောင်မဟာထေရ်အဆက်ဆက်တို့သည် မင်းအစိုးရများ၏ အထောက်အပံ့အကူအညီဖြင့် နှိမ်နင်းဖယ်ရှားတော်မူကြ၍ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့ကြသည့် သာဓကများ ထင်ရှားရှိခဲ့ပါသည်ဘုရား။

မြတ်စွာဘုရားရှင်သည် သာသနာတော်ကွယ်ပျောက်ရခြင်းအကြောင်းကို "န ခေါ ကဿပ ပထဝီဓာတု သဒ္ဓမ္မံ အန္တရဓာပေတိ၊ န အာပေါ ဓာတု သဒ္ဓမ္မံ အန္တရဓာပေတိ၊ န တေဇောဓာတု သဒ္ဓမ္မံ အန္တရဓာပေတိ၊ န ဝါယောဓာတု သဒ္ဓမ္မံ အန္တရဓာပေတိ၊ အထခေါ ဣဓေဝ တေ ဥပ္ပဇ္ဇန္တိ မောဃပုရိသာ၊ ယေ ဣမံ သဒ္ဓမ္မံ အန္တရဓာပေတိ၊ သေယထာပိ ကဿပ နာဝါ အာဒိကေနေဝ ဩပိလဝတိ၊ န ခေါ ကဿပ ဧဝံ သဒ္ဓမ္မဿ အန္တရဓာနံ ဟောတိ" ဟုဟောတော်မူခဲ့ပါသည်ဘုရား။

(သံ၊၁၊၄၂၃)

ထိုဒေသနာတော်၏ အဓိပ္ပာယ်အကျဉ်းချုပ်မှာ "သာသနာတော်သည် ဓာတ်လေးပါးပျက်၍ ကွယ်ပျောက်ရသည်မဟုတ်၊ သာသနာတွင်းမှာ ဖြစ်ကြသည့်(သာသနာ့အတွင်းသား) မောဃပုရိသခေါ် ရဟန်းသာမဏေများကြောင့်သာ သာသနာတော် ကွယ်ပျောက်ရသည်။ ဝန်တင်သောလှေသည် ဝန်ပြည့်ခြင်းကြောင့် နစ်မြုပ်ရသကဲ့သို့ ဤအတူ ပရိယတ်စသည် ပြည့်စုံခြင်းကြောင့် သာသနာတော် ကွယ်ပျောက်ရသည်မဟုတ်၊ သာသနာ့တာဝန်ကို ကျေပွန်အောင် မထမ်းဆောင်ကြဘဲ သာသနာတော်ကြီးကွယ်ပျောက် နစ်မြုပ်သွားအောင် ဖိစီးနေကြသည့် မောဃပုရိသ သာသနာ့ဝန်စီးများကြောင့်သာ သာသနာတော် ကွယ်ပျောက်ရသည်"ဟု ဟောတော်မူလိုရင်း ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

ဗုဒ္ဓရှင်တော်မြတ် မိန့်မှာတော်မူခဲ့သည့်အတိုင်း ယခုအခါ သာသနာတော်ကို ကွယ်ပျောက်စေနိုင်သည့် သာသနာ့အတွင်းသား မောဃပုရိသများ ပေါ်ပေါက်နေသည်ကို ဆရာတော်အရှင်မြတ်တို့ ကြားသိတော်မူကြပြီး ဖြစ်ပါလိမ့်မည်ဘုရား၊

ထို့ကြောင့် -

"ငါ့ရှင်တို့....ဓမ္မ၏ဆန့်ကျင်ဘက်ဖြစ်သော အဓမ္မမထွန်းကားမီ၊ တရားစစ် တရားမှန်ဖြစ်သော ဓမ္မကို မတားမြစ် မပိတ်ပင်အပ်မီ(တားမြစ်ပိတ်ပင်ခြင်းမခံရမီ) ဝိနည်း၏ ဆန့်ကျင်ဘက်ဖြစ်သော အဝိနယမထွန်းကားမီ၊ သံဝရ ဝိနည်း ပဟာန ဝိနည်းဟူသော ဝိနည်းစစ် ဝိနည်းမှန်ကို မတားမြစ် မပိတ်ပင်အပ်မီ (တားမြစ်ပိတ်ပင်ခြင်းမခံရမီ) အဓမ္မဝါဒီ ပုဂ္ဂိုလ်တို့ အင်အားမကောင်းမီ၊ ဓမ္မဝါဒီ ပုဂ္ဂိုလ်တို့ အင်အားမနည်းမီ၊ အဝိနယဝါဒီပုဂ္ဂိုလ်တို့ အင်အားမကောင်းမီ၊ ဝိနယဝါဒီပုဂ္ဂိုလ်တို့ အင်အားမနည်းမီ ငါတို့ယခုနှယ်က ကြိုတင်၍ ဓမ္မဝိနယကို သံဂါယနာတင်ကြကုန်စို့" ဟူသော အရှင်မဟာကဿပ မထေရ်မြတ်၏ တပ်လှန့်နှိုးဆော် တိုက်တွန်းတော်မူသည့် ဥယျောဇနကထာကို ဦးထိပ်မှာပန်ဆင်၍ **သာသနာတော်မြတ်ကြီးကို ကွယ်ပျောက်ပျက်စီးစေနိုင်သည့် သာသနာ့အတွင်းသား မောဃပုရိသများ** ယခုထက်ပို၍ အင်အားမကောင်းမီ၊ သာသနာတော်ကို ချစ်ခင်မြတ်နိုးတော်မူကြသည့် သာသနမာမက ထေရ်အရှင်တို့ယခုထက်ပို၍ အင်အားမနည်းမီ ယခုကပင်ကြိုတင်၍ **သာသနာ့ဘေးရန် အန္တရာယ်များ**ကို ဖယ်ရှားတားမြစ်တော်မူကြ၍ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားအောင် အားသွန်ခွန်စိုက် ဆောင်ရွက်တော်မူကြရန် အချိန်အခါကျရောက်နေပါပြီ ဘုရား။

ဤသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဦးဆောင်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ အကူအညီကိုရယူလျက် အထက်အဖွဲ့အစည်းများနှင့် အောက်အဖွဲ့အစည်းတို့ ညီညီညွတ်ညွတ် တိုင်ပင်ညှိနှိုင်းပြီးလျှင် မျက်ခြည်မပြတ် သတိချပ်လျက် တက်တက်ကြွကြွ လက်တွဲဆောင်ရွက်ကြပါလျှင် သာသနာတော်ကို ကွယ်ပျောက်စေနိုင်သည့် သာသနာ့အတွင်းသား မောဃပုရိသများ တစ်စတစ်စ ကင်းကွယ်ပပျောက်သွားနိုင်ဖွယ်ရှိပါသည်။ လုံးဝ ကင်းကွယ်ပပျောက်မသွားစေကာမူ နည်းပါးသွားမည်မှာ ဧကန်ဖြစ်ပါသည်။ ထို့ကြောင့် ဤသာသနာ့အန္တရာယ်ကာကွယ်တားမြစ်ရေးကိစ္စကို အလေးအနက်ထား ဆောင်ရွက်တော်မူကြပါဟုတိုက်တွန်းလျက် နိဂုံးကမ္ပတ်အဆုံးသတ်ပါသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား။

ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ
(အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)
ဥက္ကဋ္ဌ ဆရာတော်

ဦးမြင့်နောင်အား တောင်အာဖရိကနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်ခန့်အပ်

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဦးမြင့်နောင်အား တောင်အာဖရိက သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဖုန်းလွင် ရွှေသောင်ယံမြို့ စည်ပင်သာယာရေးအဖွဲ့ရုံးဝင်းအတွင်း ပျိုးဥယျာဉ်တွင် ပျိုးပင်များစိုက်ပျိုးထားရှိမှုကို ဖေဖော်ဝါရီ ၂၅ ရက်က စစ်ဆေးရာ မြို့နယ်တာဝန်ခံနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၄-၃-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၀ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး- မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချို့အေးမင်္ဂလာတေး
- ၇:၅၅ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
- ၈:၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၀၅ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၁၅ ၉။ အတီးပြိုင်ပွဲ
- ၈:၂၅ ၁၀။ **ကိုစိန်နဲ့ ကိုယ်ဝန်ဆောင်မိခင်**
- ၈:၃၀ ၁၁။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၄၀ ၁၂။ International News
- ၈:၄၅ ၁၃။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၀၅ ၂။ အကပဒေသာ
- ၄:၁၀ ၃။ တေးဂီတအစီအစဉ်
- ၄:၂၀ ၄။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
- ၄:၃၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၄:၄၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၀ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၅:၀၀ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅:၁၅ ၉။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၃၀ ၁၀။ **မြန်မာတေးသံရှင်ရွေးချယ်ပွဲ**
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (ဒုတိယတွဲ) (အပိုင်း-၁၅)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **ကမ္ဘာကျော်သရုပ်ဆောင်များ** (အပိုင်း-၁၅)
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပျော်ရွှင်စရာအိမ်မက်ကမ္ဘာ** (အပိုင်း-၁၀)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာဆီယံန်ဘွန်ဗွတ်အား ခန့်အပ်ရန်သဘောတူညီ

နေပြည်တော် မတ် ၁၄

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ ချွန်တွန်း၏နေရာတွင် မစ္စတာ ဆီယံန်ဘွန်ဗွတ်အား ခန့်အပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဆီယံန် ဘွန်ဗွတ်ကို ၁၉၅၉ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ မွေးဖွားခဲ့သည်။ ၎င်းသည် ဂျာမနီနိုင်ငံ ဟမ်းဘတ်တက္ကသိုလ်မှ ဂျာမန်ဘာသာဖြင့် မဟာဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။

မစ္စတာ ဆီယံန်ဘွန်ဗွတ်သည် ၁၉၇၉ ခုနှစ်မှ စတင်၍ ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးဌာနတွင်လည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံရုံးတို့တွင်လည်းကောင်း ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၇ ခုနှစ်မှ ယနေ့အထိ ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ဆီယံန် ဘွန်ဗွတ်သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီး (၂) ဦး ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ထူးခြားသည့်နေ့အပူချိန်များ

၁၃-၃-၂၀၁၁

ကလေးဝမြို့	၃၈ ဒီဂရီစင်တီဂရိတ်
မုံရွာမြို့	၃၈ ဒီဂရီစင်တီဂရိတ်
ဘားအံမြို့	၃၈ ဒီဂရီစင်တီဂရိတ်
သိမ်ဇရပ်မြို့	၃၈ ဒီဂရီစင်တီဂရိတ်

မိုးရွာသွန်းမှု

၁၃-၃-၂၀၁၁

လောင်းလုံမြို့	၁ ဒသမ ၀၂ လက်မ
ကော့ကရိတ်မြို့	၀ ဒသမ ၇၉ လက်မ
မြိတ်မြို့	၀ ဒသမ ၄၇ လက်မ
ရန်ကုန်(မြို့လယ်)	၀ ဒသမ ၃၉ လက်မ

■ *ရှေ့ဖုံးမှ*

ရှေးဦးစွာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေးက အမှာစကား ပြောကြားရာ၌ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ဖြစ်အောင် ဆောင်ရွက်ပေးရာတွင် ပဓာနအကျဆုံးဖြစ်သော လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကို ပီပီပြင်ပြင် ပေါ်ပေါက်လာအောင် အားကြိုးမာန်တက် ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရသည် အခြေခံတိုးတက်မှုကို ဖန်တီးနိုင်သည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်အောင် တစ်ပိုင်းက ဆောင်ရွက်ပေးရင်း တစ်ပိုင်းကလည်း လူမှုရေးအပြင် စီးပွားရေးပါ တိုးတက်လာအောင် စိုက်ပျိုးရေးအတွက် ရေ၊ မြေ၊ သယံဇာတများကို ဖိဖိစီးစီးဖော်ထုတ်ခြင်း၊ ဆည်မြောင်းတာတမံ တည်ဆောက်ပေးခြင်းများကို ဆောင်ရွက်ပေးလျက် ရှိကြောင်း။

ကာကွယ်စောင့်ရှောက်

ယနေ့ဖွင့်လှစ်သည့် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) ကတ္တရာလမ်းသစ်ကြီးနှင့်အတူ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အနီး ဤလမ်းကြီး၏ မိုင်တိုင် (၅၁/၅)နှင့် (၅၁/၆) အကြားတွင် ပေ ၂၅၀ အရှည် ယင်းချောင်းကွန်ကရစ်တံတားအသစ်ကြီးကိုပါ ဖွင့်လှစ်ပေးသွားမည် ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် မိမိတို့ဒေသအတွင်း၌ရှိသည့် နိုင်ငံတော်ကငွေကြေးအမြောက်အမြား အကုန်အကျခံ တည်ဆောက်ပေးထားသော ယခုလမ်းမကြီး မပျက်စီးရလေအောင် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ပေးကြရမည်ဖြစ်ကြောင်း၊ ဤလမ်းမကြီး အောင်မြင်စွာတည်ဆောက်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ဝန်ကြီးဌာနများ၊ စစ်ဘက်နယ်ဘက်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များနှင့်ဒေသခံပြည်သူများအား ကျေးဇူးအထူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား (မကွေး) ကတ္တရာလမ်းသစ် ဖောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်းသည် နေပြည်တော်မှ မကွေးမြို့သို့ မော်တော်ယာဉ် ခရီးလမ်းကြောင်း သုံးခုရှိသည့်အနက် တစ်ခုအပါအဝင် ဖြစ်ကြောင်း၊ ဤလမ်းသစ်ကြီးကို ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှစ၍ ၂၀၀၉-၂၀၁၀ ခုနှစ်အထိ လမ်းအူကြောင်းမြေသားလမ်းအဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ ကတ္တရာလမ်းသစ်အဖြစ် တိုးမြှင့်နိုင်ရေး (၃-၅-၂၀၁၀) မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ခရီးမိုင်အတိုဆုံး

ယခင်က နေပြည်တော်မှ မကွေးမြို့သို့ သွားလာရာတွင် နေပြည်တော်-ပျော်ဘွယ် - ရွာမွန် - နတ်မောက် - ကန်ပြား-မကွေးလမ်း (၁၇၂)မိုင် (၂)ဖာလုံ၊ နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီး-မကွေးလမ်း (၁၁၇)မိုင် (၂)ဖာလုံတို့ကို အသုံးပြု၍ သွားလာခဲ့ရကြောင်း၊ ယနေ့ဖွင့်လှစ်သည့် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) လမ်းသည် (၁၀၆)မိုင် (၂)ဖာလုံသာ ကွာဝေးသဖြင့် ခရီးမိုင်အတိုဆုံး၊ အကွေ့အကောက်အတက်အဆင်း အနည်းဆုံးနှင့် ခရီးသွားလာချိန်အနည်းဆုံး ဖြစ်သော လမ်းဖြစ်ကြောင်း။

ယခုဆိုလျှင် နေပြည်တော်မှ မကွေးအထိ ယာဉ်မောင်းချိန် သုံးနာရီခန့်ဖြင့် သွားလာနိုင်ပြီဖြစ်ကြောင်း၊ ယခုလမ်းမကြီးသည် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖောက်လုပ်လျက်ရှိသော ရိုးမဖြတ်ကျော်လမ်း (၇)လမ်းရှိသည့်အနက် ဆဋ္ဌမမြောက် ရိုးမဖြတ်ကျော်လမ်း တစ်လမ်းလည်းဖြစ်ကြောင်း။

ယခုလမ်းနှင့်အတူ ယင်းချောင်းကွန်ကရစ် တံတားသစ်ကြီးကိုပါ ဖွင့်လှစ်ပေးသွားမည်ဖြစ်ရာ အဆိုပါ တံတားသည် နိုင်ငံတော်ကတည်ဆောက်ပေးခဲ့သည့် ပေ(၁၈၀)နှင့်အထက် ၂၆၁ စင်းမြောက် တံတားကြီးဖြစ်ကြောင်း။

ကူညီထိန်းသိမ်း

နိုင်ငံတော်က လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကျိုးပြုမည့်လမ်းများ၊ တံတားများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်တည်ဆောက်ပေးခဲ့သကဲ့သို့ ဒေသခံပြည်သူများကလည်း ဤလမ်း၊ တံတားများကို ရေရှည်အသုံးပြုသွားနိုင်အောင် ကူညီထိန်းသိမ်းပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) ကတ္တရာလမ်းသစ်ဖောက်လုပ်ပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ဖဲကြိုးဖြတ်ဖွင့်

ထို့နောက် မင်္ဂလာအချိန်တွင် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းတို့က နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော်-တောင်ညို-မြို့သစ် - ကန်ပြား (မကွေး) လမ်းညွှန်ဆိုင်းဘုတ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ ဝန်ကြီး ဦးသိန်းညွှန့်၊ ဝန်ကြီး ဦးခင်မောင်မြင့်နှင့် ဝန်ကြီး ဦးလှထွန်းတို့ နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

(၆၆)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

၁။ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်း တည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး အတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများ အား တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အား တောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ် တပ်မတော် တည်ဆောက်ရေး။

စာမျက်နှာ ၅ မှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဖွင့်ပွဲမုခ်ဦးရှေ့၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က လမ်းသစ်၏ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများက လမ်းသစ်၏ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ဖြတ်သန်းကြည့်ရှု

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကတ္တရာလမ်းသစ်ကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

အလားတူ နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) ကတ္တရာလမ်းသစ်ဖွင့်ပွဲကို နံနက် ၇ နာရီ မိနစ် ၂၀တွင် မကွေးတိုင်းဒေသကြီး ကန်ပြားလမ်းဆုံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ မကွေးတိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေ၊ မကွေးတပ်နယ်မှ ဗိုလ်မှူးချုပ်ဇော်ထွန်း၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ မင်္ဂလာစည်တော်အကအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်က အမှာစကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် တိုင်းဒေသကြီး ဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေက အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဦးမြင့်သိန်းက လမ်းဖောက်လုပ်ပေးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့က လမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသောဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် တိုင်းမှူး၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဥက္ကဋ္ဌနှင့် မကွေးတပ်နယ်မှ ဗိုလ်မှူးချုပ်ဇော်ထွန်းတို့က နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကတ္တရာလမ်းသစ်ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့အတူ နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) ကတ္တရာလမ်းပေါ်ရှိ ယင်းချောင်းတံတား ဖွင့်ပွဲအခမ်းအနားကို နံနက် ၁၀ နာရီ ဝစမိနစ်တွင် ယင်းချောင်းတံတား မင်္ဂလာမုခ်ဦး၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ တိုင်းဒေသကြီး ဥက္ကဋ္ဌနှင့် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ထွန်းထွန်းနောင်တို့က ယင်းချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးဗိုလ်မှူးချုပ်ရဲအောင်က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) ကတ္တရာလမ်းသစ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ရဲအောင်နှင့် အဖွဲ့ဝင်များ ယင်းချောင်းတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ဖြတ်သန်းဖောက်လုပ်

ယနေ့ ဖွင့်လှစ်လိုက်သည့် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) ကတ္တရာလမ်းသစ်သည် နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်နှင့်မြို့သစ်မြို့နယ်တို့ကို ဖြတ်သန်းဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး လမ်းအရှည် (၁၀၆)မိုင်(၂)ဖာလုံ၊ မြေသားတာပေါင်အကျယ် ပေ(၄၀)၊ ယာဉ်သွားလမ်းအကျယ် (၁၂)ပေနှင့် လမ်းခံနိုင်ဝန် တန်(၄၀)ရှိသောလမ်း ဖြစ်သည်။

ရှင်းလင်းပြောကြား

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ရှင်းလင်း ပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါလမ်းသစ်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အဖွဲ့ (၁၃)ဖွဲ့၊ ကုမ္ပဏီအဖွဲ့ (၁၄)ဖွဲ့တို့ဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါလမ်းပေါ်ရှိ ယင်းချောင်း တံတားသစ်ကြီးသည် အရှည် ပေ (၂၅၀)၊ ဘိုးပိုင်အုတ်မြစ်၊ အပေါ်တွင် သံကူကွန်ကရစ်ကိုယ်ထည်၊ သံကူကွန်ကရစ်ကြမ်းခင်း၊ ယာဉ်သွားလမ်းအကျယ်(၂၄)ပေ၊ ယာဉ်တစ်စီးချင်း ခံနိုင်ဝန် တန်(၆၀)ဖြစ်သည်။

၎င်းယင်းချောင်း တံတားကြီးကို ၂၀၁၀ခုနှစ် စက်တင်ဘာ ၉ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ယနေ့ ဖွင့်လှစ်နိုင်သည့်အတွက် တံတား တည်ဆောက်ချိန်ကာလမှာ ၆လနှင့် ၄ ရက်သာ ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး လှုငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်းပွဲကြည့်စင် တိုးချဲ့ရေးစီမံကိန်းလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်ဆိပ်ကမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း တိုးချဲ့တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ

အတွင်းရေးမှူး (၁) သီဟသူရ ဦးတင်အောင်မြင့်ဦး လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ဌေး၊ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ဆိပ်ကမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း တိုးချဲ့တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြိုဆို

ရှေးဦးစွာ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးသည် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် အေးရှားဝေါလ် အလုံဆိပ်ကမ်းသို့ ရောက်ရှိလာရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ အေးရှားဝေါလ် ကုမ္ပဏီဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)အား အေးရှားဝေါလ် အလုံဆိပ်ကမ်းရှိ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေက ထီးတန်းကြက်လျှာစွန်းမှ ဗိုလ်တထောင်ဈေးလမ်းထိပ်အထိ လက်ရှိကမ်းနားလမ်းနှင့် ရန်ကုန်မြစ်အကြားတွင် လမ်းအူကြောင်းအသစ် ဖောက်လုပ်ပြီးစီးမှုနှင့် မြေသားလမ်းနှင့် ကွန်ကရစ်လမ်းခင်းကျင်းပြီးစီးမှုအခြေအနေများ၊ အသစ်ဖောက်လုပ်မည့် လမ်းမကြီးပေါ်တွင် ချောင်းကူးတံတားလေးစင်း တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်းက ဗိုလ်တထောင်ဈေးလမ်း (ကမ်းနားလမ်းနှင့် မဟာဗန္ဓုလလမ်းအကြား) လေးလမ်းသွား ကတ္တရာလမ်း၊ မဟာဗန္ဓုလလမ်း (ဗိုလ်တထောင်ဈေးလမ်းနှင့် ဗန္ဓုလတံတားအကြား) ခြောက်လမ်းသွား ကတ္တရာကွန်ကရစ်လမ်း၊ ဗန္ဓုလတံတားကို ခြောက်လမ်းသွား ကတ္တရာကွန်ကရစ်လမ်း၊ ယမုံနာလမ်း (ဗန္ဓုလတံတားမှ ရှုခင်းသာပန်းခြံအထိ)ကို ခြောက်လမ်းသွား ကတ္တရာကွန်ကရစ်လမ်း၊ ရှုခင်းသာလမ်း (ရှုခင်းသာပန်းခြံမှ သန်လျင်ချဉ်းကပ်လမ်းအထိ) ကို ခြောက်လမ်းသွား ကတ္တရာလမ်း၊ ရတနာလမ်း (သန်လျင်ချဉ်းကပ်လမ်းနှင့် ပဲခူးမြစ်လမ်းအကြား)ကို လေးလမ်းသွား ကွန်ကရစ်လမ်း၊ ပဲခူးမြစ်လမ်း (ရတနာလမ်းနှင့် ဧရာဝဏ်လမ်းအကြား)ကို လေးလမ်းသွား ကွန်ကရစ်လမ်း၊ ဧရာဝဏ်လမ်း (ပဲခူးမြစ်လမ်းနှင့် မောင်းမကန် ကမ်းသာလမ်းအကြား) ကို နှစ်လမ်းသွား ကတ္တရာလမ်းနှင့် အမှတ် (၂)လမ်းမကြီးအား အဆင့်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အပိုင်းရှစ်ပိုင်း

ဆက်လက်၍ အေးရှားဝေါလ် ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းမြင့်နိုင်က ကြည့်မြင်တိုင် ထီးတန်းကြက်လျှာစွန်းမှ ဗိုလ်တထောင်ဈေး လမ်းထိပ်အထိ လမ်းအရှည် ၄ ဒသမ ၆၉ မိုင်ရှည်လျားသည့် ကမ်းနားလမ်းသစ်ကို ယာဉ်သွားလမ်း ၄၈ပေ၊ လမ်းပခုံးတစ်ဖက်လျှင် ခြောက်ပေစီ ပါဝင်သည့် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းပြီးစီးမှု၊ လမ်းသစ်တစ်လျှောက် အမာခံကောင်းမွန်ရေးအတွက် အောက်ခံဒုအခြေခံလွှာခင်းခြင်း ပြီးစီးမှုများကို အပိုင်းရှစ်ပိုင်း ခွဲခြား၍ ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် အတွင်းရေးမှူး(၁)က သိရှိလိုသည်များကို မေးမြန်းပြီးနောက် လမ်းသစ်အား မိုးမကျမီအပြီး ဖောက်လုပ်ရေး၊ ကုန်တင်ယာဉ်ကြီးများ လမ်းမပေါ်တွင် ရပ်နား၍ ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးအတွက် ခေတ္တကားရပ်နားစခန်းများ စီစဉ်ထားရှိပေးရေး၊ မလွတ်ကင်းသည့် လျှပ်စစ်နှင့် ဆက်သွယ်ရေးတိုင်နှင့် ကြိုးများ အချိန်မီပြောင်းရွှေ့ရေးတို့ကို မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အေးရှားဝေါလ် ဆိပ်ကမ်းဆိပ်ခံတံတား တည်ဆောက်နေမှုနှင့် ကမ်းနားလမ်းသစ်တစ်လျှောက် လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ယခု ဖောက်လုပ်လျက်ရှိသည့် ထီးတန်းကြက်လျှာစွန်းမှ ဗိုလ်တထောင်ဈေးလမ်းအထိ ၄ ဒသမ ၆၉ မိုင်ရှိသော ကမ်းနားလမ်းသစ်တွင် သစ်တောလမ်းမှ ဗိုလ်တထောင်ဈေးလမ်းပိုင်း၌ ကမ်းနားလမ်းသစ်သည် လက်ရှိလမ်းဟောင်းနှင့် လမ်းလယ်ကျွန်း ပေ ၃၀ ခြား၍ ၄၈ ပေအကျယ် လေးလမ်းသွားလမ်း၊ တစ်ဖက်တစ်ချက်တွင် ခြောက်ပေအကျယ်ရှိသော လူသွားစင်္ကြံ နှစ်လမ်း ပါရှိသည်။ ထို့ပြင် ကမ်းနားလမ်းသစ်တွင် ရထားလမ်းကိုပါ ထည့်သွင်းတည်ဆောက်နေခြင်းဖြစ်သည်။

အဆိုပါ ကမ်းနားလမ်းသစ်သည် ဗိုလ်တထောင်ဈေးလမ်းမှ မဟာဗန္ဓုလလမ်း၊ မဟာဗန္ဓုလလမ်း (ဗိုလ်တထောင်)မှ ဗန္ဓုလတံတားအထိ၊ ဗန္ဓုလတံတားမှ ယမုံနာလမ်းအထိ၊ ယမုံနာလမ်းမှ ရှုခင်းသာ ပန်းခြံလမ်းအထိ၊ ရှုခင်းသာ ပန်းခြံလမ်းမှ ရတနာလမ်းအဝင်၊ ရတနာလမ်းမှ ပဲခူးမြစ်လမ်းအထိ၊ ပဲခူးမြစ်လမ်းမှ ဧရာဝဏ်လမ်းအထိ၊ ဧရာဝဏ်လမ်းမှ မောင်းမကန်ကမ်းသာလမ်းအထိ၊ မောင်းမကန် ကမ်းသာလမ်းမှ အမှတ်(၂) လမ်းမကြီးသို့ ဆက်စပ်ပေးသည့် ခြောက်လမ်းသွား ကွန်ကရစ်လမ်းမကြီးအဖြစ် တိုးချဲ့ ဖောက်လုပ်လျက်ရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်းပွဲကြည့်စင် တိုးချဲ့ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ACE ဆောက်လုပ်ရေးကုမ္ပဏီ ဥက္ကဋ္ဌ ဦးတင့်ဆန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း ပွဲကြည့်စင်တိုးချဲ့တည်ဆောက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

အပြီးတည်ဆောက်

ထို့နောက် အတွင်းရေးမှူး(၁)အား စီမံကိန်းရှင်းလင်းဆောင်၌ ACE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးတင့်ဆန်းက Pile လုပ်ငန်း၊ Pile Cap ထုတ်လုပ်တပ်ဆင်ပြီးစီးမှု၊ မြေတူးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဒီဇင်ဘာလအတွင်း အပြီးတည်ဆောက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

အတွင်းရေးမှူး(၁)က နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းကြီးများ၏ စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျတည်ဆောက်ရေး မှာကြားသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး အေးရှားဝေါလ် ဆိပ်ကမ်းဆိပ်ခံတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ခုတင် (၅၅၀)ဆံ့ ရန်ကင်းကလေးဆေးရုံသစ်ကြီး ဖွင့်ပွဲအခမ်းအနားတွင် ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

❖ *ကျော်ဖုံးမှ*

ဖွင့်လှစ်ပေး

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် မက်စ်မြန်မာကုမ္ပဏီအုပ်စုဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ခုတင် (၅၅၀)ဆံ့ ရန်ကင်းကလေးဆေးရုံသစ်ကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် ဆေးရုံသစ်ကြီး၏ မော်ကွန်းကမ္ပည်းကျောက်ပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ပက်ဖျန်းပေး

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းသန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် မက်စ်မြန်မာကုမ္ပဏီအုပ်စုဥက္ကဋ္ဌ ဦးဇော်ဇော်တို့က မော်ကွန်းကမ္ပည်းကျောက်ပြားကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆေးရုံသစ်ကြီး အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အလှူငွေ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ပြန်လည်ပေးအပ်

ရှေးဦးစွာ ခုတင်(၅၅၀)ဆံ့ ရန်ကင်းကလေးဆေးရုံသစ်ကြီး ရေရှည်တည်တံ့နိုင်ရေးကော်မတီသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား အမှူးထား၍ မြေး ဖိုးလပြည့်က ငွေကျပ် သိန်း ၃၀၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား အမှူးထား၍ သား ကိုပြည်အောင်နှင့် ဇနီး မနန္ဒာအေးတို့က ငွေကျပ် ၂၅ သိန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့အား အမှူးထား၍ သား ဦးအောင်သက်မန်းနှင့် ဇနီး ဒေါ်ခင်နှင်းသန္တာတို့က ဓာတ်လှေကားတစ်စင်း၊ ကွယ်လွန်သူ မမိုးဖြူစောဦးအား ရည်စူး၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ သား ဦးတေဇာစောဦး ဇနီး ဒေါ်နှင်းရည်မွန်၊ မြေး ရွှန်းလက်နှင်းဦးနှင့် ရတီနှင်းဦး မိသားစုတို့က ကလေးဆေးရုံသုံး Incubator တစ်စုံအပါအဝင် အလှူရှင် ၆၄ ဦးတို့က အလှူငွေ စုစုပေါင်း ငွေကျပ် ၇၂၈၈၅၀၀၀၀ နှင့် ခေါင်းအုံး အလုံး ၅၀၀၊ ရေပူရေအေး စက် ၁၀ လုံးနှင့် ဆေးရုံသုံး ပရိဘောဂများကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေနှင့် တိုင်းမှူးဗိုလ်မှူးချုပ်ထွန်းသန်းတို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် မက်စ်မြန်မာကုမ္ပဏီအုပ်စုဥက္ကဋ္ဌ ဦးဇော်ဇော်က ခုတင် (၅၅၀)ဆံ့ ရန်ကင်းကလေးဆေးရုံသစ်ကြီးနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်ထံ လွှဲပြောင်း ပေးအပ်သည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ကျေးဇူးတင်စကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် ရန်ကင်းကလေးဆေးရုံသစ်ကြီးကို ပြုပြင်တည်ဆောက်ရာတွင် မက်စ်ကုမ္ပဏီက တစ်နှစ်တာကာလအတွင်း နေ့ရောညပါ ငွေအား၊ လူအား၊ ပစ္စည်းအား အပြည့်ဖြင့် ကြိုးပမ်းတည်ဆောက်ခဲ့သည်ကို တွေ့ရပါကြောင်း၊ စတင်တည်ဆောက်စဉ်ကတည်းက လက်ရှိအဆောက်အအုံဟောင်း ၂၄ ခုကို ခေတ်မီဆေးရုံပုံစံဖြစ်အောင် လိုအပ်သလို ပြုပြင်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ရမည့် အဆောက်အအုံများကိုလည်း အသစ်တည်ဆောက်ပေးခြင်း၊ ကလေးလူနာကုသရေးလူနာခန်းများ၊ အထူးကြပ်မတ်လူနာခန်းများ၊ အရေးပေါ်လူနာခန်းများ၊ ရောဂါရှာဖွေရေးဌာနများ၊ ခွဲစိတ်ခန်းများ၊ အထူးလူနာခန်းများ၊ ကလေးကစားကွင်းများ၊ ဆရာဝန်/သူနာပြုခန်းများ၊ စာသင်ခန်းများ၊ အစည်းအဝေးခန်းများ စသည်တို့ကို စံချိန်မီမီ၊ သန့်သန့်ရှင်းရှင်း၊ လှလှပပ၊ သပ်သပ်ရပ်ရပ် စေတနာအပြည့်ဖြင့် ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိရသဖြင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

ထို့ပြင် ကလေးဆေးရုံသစ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစွာဖြင့် ရပ်တည်နိုင်စေရန် အလှူငွေထပ်မံရှာဖွေ၍ ပြုပြင်ထိန်းသိမ်းရေးစနစ်ထူထောင်နိုင်ရန် ရည်ရွယ်ကာ နိုင်ငံတော်ပိုင်ဆေးရုံအတွက် ရန်ပုံငွေထူထောင်ပေးခြင်း စသည့် အစီအစဉ်များသည် ပြည်သူလူထုပူးပေါင်းမှုဖြင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးကို ပူးပေါင်းမြှင့်တင်ပေးသည့် အလွန်ကောင်းမွန်သော သာဓက၊ မြန်မာလူမျိုးတို့၏ မွန်မြတ်လှသော အလှူဒါန အစဉ်အလာကောင်းအဖြစ် တွေ့ရှိရပါကြောင်း။

အကျိုးပြု

ရန်ကင်းကလေးဆေးရုံကြီးကို ယခုကဲ့သို့ ဖွင့်လှစ်ပေးလိုက်သည့်အတွက် ရန်ကုန်မြို့၌ ကလေးဆေးရုံကြီးနှစ်ရုံ ဖြစ်ပေါ်လာပြီး တစ်နိုင်ငံလုံးမှ ကလေးလူနာများ အားကိုးအားထားရာ နောက်ထပ်အဆင့်မြင့် ကလေးဆေးရုံကြီးတစ်ရုံ တိုးလာသကဲ့သို့ ဆေးပညာသင်ကြားရေးအနေဖြင့်လည်း ရန်ကုန်ဆေးတက္ကသိုလ်(၂)၏ သင်ကြားရေးဆေးရုံကြီးအဖြစ် သတ်မှတ်ဆောင်ရွက်မည်ဖြစ်သဖြင့် ကလေးအထူးကု ဘွဲ့လွန်သင်တန်းသားများရော ဘွဲ့ကြိုဆေးကျောင်းသားများအတွက်ပါ ဆေးပညာသင်ကြားခွင့် ပိုမိုရရှိ အကျိုးပြုနိုင်မည် ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ ကျန်းမာရေး အသုံးစရိတ်ကို ကြည့်လျှင်လည်း ၁၉၈၈-၈၉ တွင် ကျပ်သန်းပေါင်း ၄၆၄ ဒသမ ၁ သာသုံးစွဲခဲ့ပြီး ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၆၄၀၀၁ ဒသမ ၂ အထိရှိခဲ့သည့်အတွက် အဆပေါင်းများစွာ တိုးမြှင့်သုံးစွဲပေးခဲ့ကြောင်း တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ဤဘဏ္ဍာငွေဖြင့် ဆေးရုံများ၊ ကျန်းမာရေးဌာနများ တည်ဆောက်ပေးခြင်း၊ ဆေးပညာရှင်၊ သူနာပြု၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများဖြစ်သည့် ကျန်းမာရေးလုပ်သား လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းများ ပြုလုပ်ပေးလျက်ရှိပါကြောင်း။

မက်စ်မြန်မာကုမ္ပဏီမိသားစုက ပြုပြင်မွမ်းမံ ဆောက်လုပ်လှူဒါန်းသော ခုတင် (၅၅၀)ဆံ့ ရန်ကင်းကလေးဆေးရုံသစ်ကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ဆေးရုံများ၊ ကျန်းမာရေးဌာနများကို ပြန်လည်ဆန်းစစ်သည့်အခါ ၁၉၈၈-၈၉တွင် ဆေးရုံပေါင်း ၅၃ ရုံသာရှိပြီး ၂၀၁၁တွင်မူ ယခုဖွင့်လှစ်သည့် ကလေးဆေးရုံသစ်ကြီးအပါအဝင် ဆေးရုံပေါင်း ၈၃ ရုံအထိ ရှိလာခဲ့ပါကြောင်း။

ခုတင် (၅၅၀)ဆံ့ ရန်ကင်းကလေးဆေးရုံသစ်ကြီး ရေရှည်တည်တံ့နိုင်ရေးကော်မတီသို့ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ လက်ခံစဉ်။ (သတင်းစဉ်)

ယခုကဲ့သို့ နိုင်ငံတော်အနေဖြင့် အမျိုးသားကျန်းမာရေးမူဝါဒအရ ချမှတ်အကောင်အထည်ဖော်ပေးခဲ့သည့် အဆင့်မြင့်ပြည်သူ့ဆေးရုံကြီးများကို ပြည်သူလူထုနှင့် လူနာများက အစဉ်အားကိုးအားထားရာ ဆေးရုံဖြစ်စေရန် ဤကလေးဆေးရုံကြီး၌ တာဝန်ထမ်းဆောင်ကြသော ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများသည် လူနာများအပေါ် စေတနာထားပြီး အချင်းချင်း တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းသန်း အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ခေတ်မီဆေးရုံ အဆောက်အအုံအဖြစ် ပြုပြင်တည်ဆောက်ပေးပြီး လူနာတင်ယာဉ်နှစ်စီးအပါအဝင် လိုအပ်သည့် ဆေးရုံသုံးစက်ပစ္စည်းကိရိယာများကို စေတနာထက်သန်စွာဖြင့် ဆောင်ရွက်လှူဒါန်းပေးပါသော မက်စ်ကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ကုမ္ပဏီဝန်ထမ်းများအားလည်းကောင်း၊ ဆေးရုံသစ်ကြီး ရေရှည်တည်တံ့ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများ လှူဒါန်းပေးကြသော စေတနာရှင်အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအားလည်းကောင်း ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ပဓာနကျ

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး
ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာန
ထွန်းသန်းက အမှာစကားပြောကြားရာတွင်
ကလေးရောဂါအထူးကု ဆေးရုံကြီး(ရန်ကင်း)
လိုက်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအ
အတွက်ပါ ကျက်သရေမင်္ဂလာရှိသည့်နေ့ပင်ဖြစ်
အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သ
အဖြစ် တည်ဆောက်ရေးနှင့် အနာဂတ်နိုင်ငံ
ခိုင်မြဲပြီး အရှိန်အဟုန်မပျက် ဆက်လက်ဖွံ့ဖြိုး
ကြံ့ခိုင်ပြီး ပညာရည်မြင့်မားသော နိုင်ငံသားလူ
စဉ်ဆက်မပြတ် ဖြစ်ထွန်းပေါ်ပေါက်နေမှုသည်
လိုအပ်ချက်တစ်ရပ်ဖြစ်ပါကြောင်း။

ဝိုင်းဝန်းအားထုတ်

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကဏ္ဍ
ကြီးမားကျယ်ပြန့်ပြီး ငွေကြေးရင်းနှီးမြှုပ်နှံမှု
ရသည့်အပြင် ခေတ်မီဆေးပညာရပ်များ၊ နည်
အချိန်ယူဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်ပါ
သူငယ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းမျ
ပြည့်စုံလုံလောက်သည့် ဆေးဝါးကုသမှု ခံယူနိုင်
အောင်မြင်စေရေးအတွက် နိုင်ငံတော်အစိုးရနှင့်
များ၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ အမျိုး

ခုတင် (၅၅၀)ဆံ့ ရန်ကင်းကလေးဆေးရုံ
နိုင်ငံရေးကော်မတီသို့ အလှူရှင်များက အ
လှူဒါန်းရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်

ပြည်သူလူထုတစ်ရပ်လုံးကပါ ဝိုင်းဝန်းအားထ
ဆောင်ရွက်ခြင်းဖြင့် အောင်မြင်အောင် အ
ရမည်ဖြစ်ပါကြောင်း။

အလေးထားဆောင်ရွ

မြန်မာနိုင်ငံမှာရှိသည့် လူဦးရေ၏ ၆၀ ရာ
ကလေးများဖြစ်သည့်အတွက် မိခင်နှင့်ကလေး
လုပ်ငန်းများကို ပြည်ထောင်စုတစ်ဝန်းလုံး လွှမ်းခြုံ
သည် အမျိုးသားကျန်းမာရေးစီမံကိန်းများတွင်
လိုအပ်သည့်လုပ်ငန်းကဏ္ဍတစ်ခုဖြစ်ပါကြောင်
နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီး
“ကလေးသူငယ် ကျန်းမာရေးစောင့်ရှော
သစ်များကို ပြုစုသည့် လုပ်ငန်းတစ်ခုဖြစ်၍ အ
ကြံ့ခိုင်သည့် လူမျိုးတစ်မျိုးဖြစ်ရန် မျိုးဆက် တ
ပျိုးထောင်ရတာဖြစ်ကြောင်း” လမ်းညွှန်မိန့်က

ပြုစုပျိုးထောင်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချ
ကလေးသူငယ်များအား အနာဂတ်နိုင်ငံတော်
အားထားရသည့် ကိုယ်ရောစိတ်ပါ ကျန်းမာကြံ့
များအဖြစ် ငယ်ရွယ်စဉ်ဘဝကတည်းက ပြု
ကလေးသူငယ်များအတွက် ကျန်းမာရေးစောင့်
အအုံများ ပြည့်စုံမှုရှိရန် ဖြည့်ဆည်းဆော
ထိရောက်သော ဆောင်ရွက်မှုတစ်ခုဖြစ်ပါကြေ
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်တွ
(၅၅၀)ဆံ့ ကလေးဆေးရုံကြီးသည် ၂၀၀၉-၂၀
အသုံးပြုနိုင်ခဲ့သည်အထိ ရ
ပြုကြရသော ဆေးရုံကြီးဖြစ်ပါကြောင်း၊ သွေးရ
ကလေးများမှာ ဖြစ်ပွားတတ်သည့် ရောဂါ
အချိန်မျိုးတွင် ကလေးအတွင်းလူနာ ၈၀၀ ခန့်အ

ကြည့်ရှုစစ်ဆေး

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး ခုတင်(၅၅၀)ဆံ့ ရန်ကင်းကလေးဆေးရုံသစ်ကြီး အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပဓာနကျ

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းသန်းက အမှာစကားပြောကြားရာတွင် ယနေ့ ခုတင်(၅၅၀)ဆံ့ ကလေးရောဂါအထူးကု ဆေးရုံကြီး(ရန်ကင်း)ကို အောင်မြင်စွာ ဖွင့်လှစ်လိုက်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွက်သာမက နိုင်ငံတော်အတွက်ပါ ကျက်သရေမင်္ဂလာရှိသည့်နေ့ပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော် အဖြစ် တည်ဆောက်ရေးနှင့် အနာဂတ်နိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲပြီး အရှိန်အဟုန်မပျက် ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးတွင် ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသော နိုင်ငံသားလူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ဖြစ်ထွန်းပေါ်ပေါက်နေမှုသည် ပဓာနကျသော အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်ပါကြောင်း။

ဝိုင်းဝန်းအားထုတ်

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကဏ္ဍများသည် ထုထည်ပမာဏကြီးမားကျယ်ပြန့်ပြီး ငွေကြေးရင်းနှီးမြှုပ်နှံမှု မြောက်မြားစွာ အကုန်အကျခံရသည့်အပြင် ခေတ်မီဆေးပညာရပ်များ၊ နည်းပညာရပ်များနှင့်ဆက်စပ်အချိန်ယူဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ ထို့ကြောင့် ကလေးသူငယ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ရောဂါဖြစ်ပွားတိုင်း ပြည့်စုံလုံလောက်သည့် ဆေးဝါးကုသမှု ခံယူနိုင်ရေးလုပ်ငန်းများ အပြည့်အဝ အောင်မြင်စေရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ လူမှုရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ အမျိုးသားရေးစွမ်းအားစုများနှင့်

ခုတင် (၅၅၀)ဆံ့ ရန်ကင်းကလေးဆေးရုံသစ်ကြီး ရေရှည်တည်တံ့ နိုင်ရေးကော်မတီသို့ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ လက်ခံစဉ်။

(သတင်းစဉ်)

ပြည်သူလူထုတစ်ရပ်လုံးကပါ ဝိုင်းဝန်းအားထုတ် ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်အောင် အကောင်အထည်ဖော်သွားကြရမည်ဖြစ်ပါကြောင်း။

အလေးထားဆောင်ရွက်

မြန်မာနိုင်ငံမှာရှိသည့် လူဦးရေ၏ ၆၀ ရာခိုင်နှုန်းကျော်သည် မိခင်နှင့်ကလေးများဖြစ်သည့်အတွက် မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ပြည်ထောင်စုတစ်ဝန်းလုံး လွှမ်းခြုံနိုင်အောင် ဆောင်ရွက်ရေးသည် အမျိုးသားကျန်းမာရေးစီမံကိန်းများတွင် အလေးထားဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းကဏ္ဍတစ်ခုဖြစ်ပါကြောင်း။

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေက-

“ကလေးသူငယ် ကျန်းမာရေးစောင့်ရှောက်မှုသည်လည်း မျိုးဆက်သစ်များကို ပြုစုသည့် လုပ်ငန်းတစ်ခုဖြစ်၍ အရေးကြီးကြောင်း၊ ကျန်းမာကြံ့ခိုင်သည့် လူမျိုးတစ်မျိုးဖြစ်ရန် မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် ပြုစုပျိုးထောင်ရတာဖြစ်ကြောင်း” လမ်းညွှန်မိန့်ကြားခဲ့ပါကြောင်း။

ပြုစုပျိုးထောင်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မျိုးဆက်သစ်ကလေးသူငယ်များအား အနာဂတ်နိုင်ငံတော်သစ်တွင် နိုင်ငံတော်က အားထားရသည့် ကိုယ်ရောစိတ်ပါ ကျန်းမာကြံ့ခိုင်သော နိုင်ငံ့သားကောင်းများအဖြစ် ငယ်ရွယ်စဉ်ဘဝကတည်းက ပြုစုပျိုးထောင်ပေးကြရာတွင် ကလေးသူငယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံအဆောက်အအုံများ ပြည့်စုံမှုရှိရန် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းသည်လည်း ထိရောက်သော ဆောင်ရွက်မှုတစ်ခုဖြစ်ပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်တွင်ရှိပြီးဖြစ်သည့် ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီးသည် ၂၀၀၉-၂၀၁၀ ခုနှစ်မှာ ဆေးရုံခုတင်အသုံးပြုနှုန်း ၁၁၀ ရာခိုင်နှုန်းရှိခဲ့သည်အထိ လူနာများ အားကိုးအားထားပြုကြရသော ဆေးရုံကြီးဖြစ်ပါကြောင်း၊ သွေးလွန်တုပ်ကွေးရာသီလိုမျိုးနှင့် ကလေးများမှာ ဖြစ်ပွားတတ်သည့် ရောဂါကူးစက်ပြန့်ပွားမှုများသော အချိန်မျိုးတွင် ကလေးအတွင်းလူနာ ၈၀၀ ခန့်အထိ တက်ရောက်ကုသခံခဲ့ကြရသည်မျိုး ရှိခဲ့သည့်အတွက် နေရာထိုင်ခင်း အခက်အခဲရှိခဲ့ပါကြောင်း။

ထပ်မံတည်ဆောက်

ယခုကဲ့သို့ အခက်အခဲများကို ကျော်လွှားနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ယနေ့ဖွင့်လှစ်သည့် ကလေးရောဂါအထူးကုဆေးရုံကြီးကို ယခုအခါ ထပ်မံတည်ဆောက်ပေးနိုင်ခဲ့သဖြင့် ပဲခူးတိုင်းအရှေ့ခြမ်း၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းအရှေ့ခြမ်းမြို့နယ်များဖြစ်သည့် ဒဂုံမြို့သစ်

ခုတင် (၅၅၀)ဆံ့ ရန်ကင်းကလေးဆေးရုံသစ်ကြီး ရေရှည်တည်တံ့ နိုင်ရေးကော်မတီသို့ အလှူရှင်များက အလှူငွေများကို ပေးအပ် လှူဒါန်းရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ လက်ခံစဉ်။

(သတင်းစဉ်)

(တောင်ပိုင်း)၊ (မြောက်ပိုင်း)နှင့် (အရှေ့ပိုင်း)၊ သန်လျင်၊ ကျောက်တန်း အစရှိသည့် မြို့နယ်များတွင်ရှိသည့် မျိုးဆက်သစ်ရင်သွေးငယ်များကိုလည်းကောင်း၊ ရှိပြီးသားဖြစ်သည့် ဒဂုံမြို့နယ် ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီးသည်လည်း ပဲခူးတိုင်းအနောက်ခြမ်း၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ မျိုးဆက်သစ် ရင်သွေးငယ်များကိုလည်းကောင်း၊ ခေတ်မီဆေးပညာ၊

နည်းပညာများအသုံးပြုပြီး သက်ဆိုင်ရာ ကလေးရောဂါအထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်ပညာရှင်များက အရည်အသွေးမြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြင့် နိုင်နိုင်နင်းနင်း တိုးမြှင့်စောင့်ရှောက် ကုသပေးနိုင်တော့မည် ဖြစ်ပါကြောင်း။

ယနေ့ဖွင့်လှစ်သည့် ခုတင်(၅၅၀)ဆံ့ ကလေးရောဂါအထူးကုဆေးရုံကြီး(ရန်ကင်း)ကို မက်စ်မြန်မာကုမ္ပဏီက ဆေးရုံပြုပြင် တည်ဆောက်မှုကို တစ်နှစ်တာကာလအတွင်းတွင် ပြီးစီးအောင် ဆောင်ရွက်ပေးခဲ့ပြီး ဆေးရုံသုံး ပစ္စည်းများကိုလည်း ပြည့်ပြည့်စုံစုံ ဖြည့်ဆည်းပေးကြောင်း၊ ယခုကဲ့သို့ အနာဂတ်မျိုးဆက်သစ်များ ကျန်းမာရေး စောင့်ရှောက်မှုတွင် အခြေခံလိုအပ်သည့် ကလေးရောဂါအထူးကုဆေးရုံကြီးကို လိုအပ်သည့်ပစ္စည်း ပြည့်ပြည့်စုံစုံ လှူဒါန်းပြီး ဆေးရုံကြီးတစ်ခုလုံးကို အသင့်အသုံးပြုနိုင်အောင် ဆောင်ရွက်ပေးခဲ့သည့် မက်စ်မြန်မာကုမ္ပဏီ၏ စေတနာကို အလေးအနက် မှတ်တမ်းတင်ဂုဏ်ပြုကြောင်း ပြောကြားလိုပါကြောင်း။

အထူးပြုဖော်ညွှန်း

ယခုကဲ့သို့ အမျိုးသားကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍအတွက် အခြေခံအဆောက်အအုံကောင်းများ တစ်ခုပြီးတစ်ခု ခံ့ခံ့ညားညား ထည်ထည်ဝါဝါဖြင့် ပေါ်ထွက်လာခြင်းသည် အနာဂတ်အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံကျသော ကိုယ်စိတ်နှစ်ပါးလုံး ကျန်းမာကြံ့ခိုင်သည့် မျိုးဆက်သစ်ရင်သွေးငယ်များ ပေါ်ထွန်းလာစေရေးအတွက် တိုက်ရိုက်အထောက်အကူဖြစ်စေသော ဖြည့်ဆည်းမှုတစ်ရပ်ဖြစ်သကဲ့သို့ စုစည်းညီညွတ်သည့် အမျိုးသားရေးစွမ်းအားစုများ၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းဆောင်ရည်ရလဒ်များကို အထူးပြုဖော်ညွှန်းနေခြင်းလည်း ဖြစ်ပါကြောင်း။

ချမှတ်ကျင့်သုံး

အလားတူ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် ရောဂါကာကွယ်ရေး၊ ကုသရေးလုပ်ငန်းများတွင် နည်းဗျူဟာလုပ်ငန်းအစီအစဉ်များ ချမှတ်ကျင့်သုံးရာတွင် တစ်ပါတည်း ယှဉ်တွဲဆောင်ရွက်ရမည့် ကျန်းမာရေးပညာပေးလုပ်ငန်းများ၊ ကျန်းမာရေးအသိပညာမြှင့်တင်ခြင်း လုပ်ငန်းများကို သုတေသနလုပ်ငန်းများ၊ ကုထုံးကုနည်းများ၊ ဆေးဝါးစံချိန်ပြု မှတ်တမ်းမှတ်ရာများနှင့် ဆက်စပ်၍ ထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် ယခုဆေးရုံကြီး အပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တာဝန်ယူနေကြသော ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ကျန်းမာရေးအဆင့်အတန်း မြင့်မားရေးလုပ်ငန်းများ နိုင်ငံတစ်ဝန်းလုံး လွှမ်းခြုံမှုရရှိစေရေး ဆောင်ရွက်ရာတွင် ပြည်သူလူထုတစ်ရပ်လုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လာစေရေး စည်းရုံးအကောင်အထည်ဖော်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ-

- ယနေ့ဖွင့်လှစ်သည့် ကလေးဆေးရုံသစ်ကြီးအပါအဝင် ပြည်သူ့ဆေးရုံများကို ပြည်သူအများ အားကိုးအားထားပြုနိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အစဉ်ကြိုးပမ်းဆောင်ရွက်သွားကြပါ။
- အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဒေသအလိုက် လွှမ်းခြုံနိုင်ပြီး မိမိနိုင်ငံနှင့် ဆီလျော်အပ်စပ်မယ့် ခေတ်မီကျန်းမာရေးဆိုင်ရာ ကုထုံးများ၊ နည်းစနစ်များဖြင့် စနစ်တကျအသုံးချ ဖော်ဆောင်သွားကြပါ။

ခုတင် (၅၅၀)ဆံ့ ရန်ကင်းကလေးဆေးရုံသစ်ကြီး ရေရှည်တည်တံ့နိုင်ရေး ကော်မတီသို့ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း လက်ခံစဉ်။

(သတင်းစဉ်)

မက်စ်မြန်မာကုမ္ပဏီအုပ်စု ဥက္ကဋ္ဌ ဦးဇော်ဇော် ခုတင်(၅၅၀)ဆံ့ ရန်ကင်းကလေးဆေးရုံသစ်ကြီးနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်ထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

- ကမ္ဘာနှင့်အဝန်း ရင်ဆိုင်လျက်ရှိသည့် ကျန်းမာရေးဆိုင်ရာစိန်ခေါ်မှုများကို ဆက်လက်ဖြေရှင်းနိုင်ရေးအတွက် ရောဂါကာကွယ်ရေး လုပ်ငန်းများမှာရော၊ ကုသရေးလုပ်ငန်းများမှာပါ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်၊ အလှူရှင်များအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်မှုဖြင့် ဝိုင်းဝန်းကြိုးပမ်းသွားကြပါဟု ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး ရောဂတီဘဏ်ဝန်ထမ်းများ သွေးလှူဒါန်းမှု ကြည့်ရှုအားပေး

နေပြည်တော် မတ် ၁၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် ခုတင်(၅၅၀)ဆံ့ ရန်ကင်းကလေးဆေးရုံသစ်ကြီး အောင်မြင်စွာ ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် ဧရာဝတီဘဏ် ဝန်ထမ်းမိသားစုများ၏ သွေးလှူဒါန်းမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ သွေးလှူဒါန်းမှုတွင် ဧရာဝတီဘဏ်မှ ဝန်ထမ်း ၇၅ ဦးတို့က သွေးလှူဒါန်းကြခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ခုတင် (၅၅၀)ဆံ့ ရန်ကင်းကလေးဆေးရုံသစ်ကြီး အောင်မြင်စွာဖွင့်လှစ်ခြင်းအထိမ်းအမှတ်အဖြစ် ဧရာဝတီဘဏ် ဝန်ထမ်းမိသားစုများ သွေးလှူဒါန်းကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခုတင်(၅၅၀)ဆံ့ ရန်ကင်းကလေးဆေးရုံသစ်ကြီး အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်း အထိမ်းအမှတ်အဖြစ် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ခုတင်(၅၅၀)ဆံ့ ရန်ကင်းကလေးဆေးရုံသစ်ကြီး၌ အဆောက်အအုံ သုံးလုံးပါဝင်သည်။ ဆေးရုံပင်မအဆောက်အအုံ အမှတ်(၁)သည် ခုတင် (၃၇၀)ဆံ့သော RC လေးထပ်အဆောက်အအုံဖြစ်ပြီး အထူးသီးသန့်ခန်းငါးခန်းနှင့် ဓာတ်လှေကားနှစ်စင်း ပါဝင်သည်။

ဆေးရုံ ပင်မအဆောက်အအုံ အမှတ်(၂)သည် ခုတင်(၁၈၀)ဆံ့သော RC သုံးထပ်အဆောက်အအုံဖြစ်ပြီး သီးသန့်ခန်း(၂၄)ခန်းနှင့် ဓာတ်လှေကားတစ်စင်းပါဝင်သည်။ အဆောက်အအုံ (၃)သည် RC နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ဓမ္မာရုံ၊ စာကြည့်တိုက်၊ ဈေးဆိုင်ခန်း လေးခန်းနှင့် စားသောက်ဆိုင်ခန်း သုံးခန်းတို့ ပါဝင်သည်။

ကျန်အဆောက်အအုံများမှာ ရင်ခွဲရုံ၊ ဆေးရုံအုပ်ကြီးနေအိမ်၊ လူနာဆောင်များ၊ မီးဖိုဆောင်၊ ဂိတ်၊ ဓာတ်အားခွဲရုံ၊ ပန့်ရုံ၊ ဂါလန်(၂၀၀၀၀)ဆံ့ ရေစင်၊ ဓာတ်လှေကားများနှင့် ကားဂိုဒေါင်တို့ပါဝင်သည်။

ထို့အပြင် မက်စ်မြန်မာကုမ္ပဏီမိသားစုမှ ဆေးရုံသုံး ခုတင်(၅၅၀)၊ အရေးပေါ်လူနာဌာန၊ ပြင်ပလူနာဌာန၊ သွေးလှူဘဏ်၊ ခွဲစိတ်ခန်းမဆောင်၊ မွေးကင်းစဆောင်၊ အစည်းအဝေးခန်းမဆောင်၊ ဆေးကုသဆောင်၊ အထူးရောဂါရှာဖွေရေးဌာန၊ ဆေးပေး၊ ဆေးရောင်းဌာန၊ ဆေးသိုလှောင်ခန်းများ၊ သင်ကြားရေးခန်းမနှင့် Ultra Sound ၊ CT Scan နှလုံးစမ်းသပ်စက် စသည့်ဆေးရုံသုံးရောဂါရှာဖွေရန် ကုသရေးဆိုင်ရာ စက်ကိရိယာများ၊ ဆေးရုံသုံး၊ ရုံးသုံးပရိဘောဂများ၊ လေအေးပေးစက်၊ ဓာတ်လှေကား၊ ဆရာဝန်၊ ဆရာမများနှင့် ဝန်ထမ်းနေအိမ်များ၊ ဓမ္မာရုံ၊ စာကြည့်တိုက်၊ ဈေးဆိုင်ခန်းများအပါအဝင် ခေတ်မီဆေးရုံကြီးတစ်ခုအတွက် လိုအပ်သည့် အဆောက်အအုံများ၊ ပရိဘောဂများ၊ စက်ကိရိယာပစ္စည်းများကို ပြည့်စုံစွာ ထည့်သွင်းတည်ဆောက်လှူဒါန်းထားကြောင်း သိရှိရသည်။

မက်စ်မြန်မာ ကုမ္ပဏီအုပ်စုမှ ယခင်သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးရုံးအဆောက်အအုံကို ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်လှူဒါန်းခဲ့သော နိုင်ငံတကာအဆင့်မီ ခေတ်မီ ခုတင်(၅၅၀)ဆံ့ ရန်ကင်းကလေးဆေးရုံသစ်ကြီးသည် ရန်ကင်းမြို့နယ် အမှတ်(၉၀) သစ္စာလမ်းတွင်တည်ရှိပြီး မြေဧရိယာ အကျယ်အဝန်းမှာ ၉ ဒသမ ၅ ဧကကျယ်ဝန်းကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အောက်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁၃

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် မတ်လ၏ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်၊ ရခိုင်ပြည်နယ်တွင် မတ်လ၏ပျမ်းမျှအပူချိန်အောက် ၆ ဒီဂရီစင်တီဂရိတ်၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့အောက် ၈ ဒီဂရီစင်တီဂရိတ်မှ ၉ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မတ် ၁၄ ရက် ညနေအထိခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

SSA (ရှက်ဆစ်) အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် မတ် ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့ ပွေးကျေးရွာအုပ်စု နားအွန်/နားဆန်ကျေးရွာနေ ဦးအောင်နီငယ်သည် မတ် ၁၁ ရက် မွန်းလွဲ ၂ နာရီခန့်တွင် တောလည်သွားစဉ် ရွာ၏အရှေ့မြောက်ဘက် နှစ်မိုင်ခန့်အကွာ တောလမ်းတစ်နေရာ၌ SSA (ရှက်ဆစ်) အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် ညာဘက်ခြေမ၊ ခြေညိုးနှင့် ခြေခလယ်တို့ ပြတ်ရှဒဏ်ရာရရှိခဲ့သဖြင့် ဆင်သေကျေးရွာ ကျန်းမာရေးဌာနမှတစ်ဆင့် မတ် ၁၂ ရက်တွင် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသလျက်ရှိရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်နှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ ဝန်ကြီး ဦးအုန်းမြင့် ကြည့်ရှုအားပေး

နေပြည်တော် မတ် ၁၃

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီးရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် လာရောက်ကြည့်ရှုအားပေးသည်။

ကြည့်ရှုလေ့လာ

ကျောက်မျက်ရတနာ ပြပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် နံနက် ၉ နာရီတွင် ရောက်ရှိကြပြီး မဏိရတနာကျောက်စိမ်းခန်းမအနီး ကျောက်စိမ်းဉယျာဉ် တည်ဆောက်ဖွင့်လှစ်ထားရှိမှု၊ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် အရည်အသွေးကောင်း ကျောက်စိမ်းအတွဲများ၊ မဏိရတနာကျောက်စိမ်းခန်းမ တည်ဆောက်မှုနှင့် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲများ ကျင်းပခဲ့မှု ဗီဒီယိုမှတ်တမ်းတို့ကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဝန်ကြီး ဦးအုန်းမြင့်နှင့်အတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် မြန်မာ့ကျောက်မျက်ရတနာပြတိုက်၌ ကျောက်မျက်ရတနာအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုနှင့် ပြည်တွင်းပြည်ပ ရတနာကုန်သည်များက ကျောက်မျက်အတွဲများ ဝယ်ယူနေမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

ကျောက်မျက်အတွဲများကို တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် ယနေ့ နံနက်ပိုင်းမှစတင်၍ ရောင်းချရာ တင်ဒါစနစ်ဖြင့် ကျောက်မျက် အတွဲပေါင်း (၈) တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ကျောက်မျက်အတွဲပေါင်း (၂၂)တွဲ စုစုပေါင်း ကျောက်မျက်အတွဲ(၃၀) ရောင်းချရသည်။

မွန်းလွဲပိုင်းတွင် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ဝယ်ယူရန် ပြည်တွင်း ပြည်ပရတနာကုန်သည်များက ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းအဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြရာ တာဝန်ရှိသူများက လိုက်လံကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ညနေပိုင်းတွင် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ၏ တင်ဒါပုံးများအတွင်း ထည့်သွင်းထားသော ကျောက်စိမ်းအတွဲ အဆိုပြုလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကြသည်။

အထူးစည်ကား

၂၀၁၁ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ (၄)ရက်မြောက်နေ့ဖြစ်သည့် ယနေ့တွင်လည်း ပြည်တွင်း ပြည်ပ ရတနာကုန်သည်များက ကျောက်စိမ်းအတွဲများကို စိတ်အားထက်သန်စွာ ကြည့်ရှုလေ့လာ ဝယ်ယူလျက်ရှိကြသည့်အပြင် ပြည်တွင်း ရတနာကုန်သည်များ၏ ကျောက်မျက်ရတနာပစ္စည်း အရောင်းဆိုင်များတွင်လည်း ဝယ်ယူသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

မတ် ၁၄ ရက်တွင်လည်း ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်ပြီး (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၂၂ ရက်အထိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

လေ့လာဝယ်ယူ

ယခု ကျင်းပလျက်ရှိသည့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်းရတနာကုမ္ပဏီ ၈၁၀ မှ ပြည်တွင်းရတနာကုန်သည် ၃၉၃၅ ဦးနှင့် ပြည်ပရတနာကုမ္ပဏီ ၁၄၉၆ ခုမှ ပြည်ပရတနာကုန်သည် ၄၆၉၁ ဦး စုစုပေါင်း ပြည်တွင်း ပြည်ပ ရတနာ ကုန်သည် ၈၆၂၆ ဦးလာရောက် ကြည့်ရှုလေ့လာဝယ်ယူလျက်ရှိကြသည်။

ပြပွဲသို့ လာရောက်ကြည့်ရှုလေ့လာဝယ်ယူကြသည့် ပြည်ပရတနာကုန်သည်များ တည်းခိုနေထိုင်စားသောက်မှုအဆင်ပြေစေရေးအတွက် တည်းခိုနေထိုင်ရေး ဆပ်ကော်မတီ၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် နေပြည်တော်ရှိ ဟိုတယ် ၂၄ ခု၌ တည်းခိုနေထိုင်လျက်ရှိကြရာ ဟိုတယ်များ၏ ဝန်ဆောင်မှု ကောင်းမွန်သောကြောင့် တည်းခိုနေထိုင်စားသောက်ရေး အဆင်ပြေလျက်ရှိကြောင်း သိရှိရသည်။

ရောင်းချ

ထို့အပြင် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ သွားလာရေး လွယ်ကူအဆင်ပြေစေရန်အတွက် ကြိုဆိုနေရာချထားရေးနှင့် သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် ဗန္ဓုလသယ်ယူပို့ဆောင်ရေး လီမိတက်မှ ပါရမီ Taxi မော်တော်ယာဉ် ၁၅၀ ဖြင့် ပြေးဆွဲပေးထားပြီး ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကလည်း ပြပွဲလာရောက်ကြသည့် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ ဆက်သွယ်မှုလွယ်ကူစေရန်အတွက် GSM တယ်လီဖုန်းများတွင် အသုံးပြုနိုင်သည့် FEC (20) တန်ကတ်များနှင့် CDMA တယ်လီဖုန်းများအသုံးပြုနိုင်သည့် FEC (50)တန်ကတ်များကို ရောင်းချပေးလျက် ရှိကာ ပြပွဲကာလအတွင်း၌လည်း မဏိရတနာကျောက်စိမ်းခန်းမအတွင်း Wi-Fi Internet ကိုလည်း အခမဲ့ အသုံးပြုနိုင်အောင် စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

CAPITAL Hypermarket (နေပြည်တော်) ဖွင့်ပွဲ

ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်ဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်ချီးမြှင့်

နေပြည်တော် မတ် ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်နှင့် Pac Link Trading Limited တို့ ပူးပေါင်းတည်ထောင်သည့် CAPITAL Hypermarket (နေပြည်တော်)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ရာဇသင်္ဂဟလမ်း၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက် ဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်ချီးမြှင့်ပြီး CAPITAL Hypermarket (နေပြည်တော်) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်အေးနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းသန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ် ဇာနည်ဝင်းနှင့် Pac Link Trading Limited ဒါရိုက်တာ ဦးတင်မောင်ဝင်းတို့က CAPITAL Hypermarket (နေပြည်တော်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်ဦးက CAPITAL Hypermarket (နေပြည်တော်) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် CAPITAL Hypermarket (နေပြည်တော်)အတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဖွင့်လှစ်ထား

အဆိုပါ CAPITAL Hypermarket (နေပြည်တော်) ပထမထပ်တွင် Supermarket၊ စားသောက်ဆိုင်များနှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များကို လည်းကောင်း၊ ဒုတိယထပ်တွင် ပရိဘောဂ၊ အိပ်ရာခန်းဝင်ပစ္စည်းအရောင်းဆိုင်များ၊ ကင်မရာနှင့်မိုဘိုင်းလ်ဆိုင်၊ ကလေးကစားကွင်းတို့ကို လည်းကောင်း ထားရှိ၍ ကလေးကစားစရာအရုပ်များကို ရောင်းချသွားမည် ဖြစ်ပြီး ကားစီးရေ ၁၄၀ နှင့် မော်တော်ဆိုင်ကယ်စီးရေ ၂၀၀ ခန့် တစ်ပြိုင်တည်း ရပ်နားနိုင်သည့် ကားရပ်နားရန်နေရာ၊ ပထမထပ်နှင့် ဒုတိယထပ်သို့ လွယ်ကူစွာ တက်ဆင်းနိုင်သည့် စက်လှေကား လေးစင်းနှင့် ဓာတ်လှေကားနှစ်စင်းတို့ ပါရှိကာ စားသောက်ဆိုင်မျိုးစုံတို့ကို ဖွင့်လှစ်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျိုင်းတုံမြို့နယ် ယန်းခကျေးရွာအုပ်စု ယန်းခကျေးရွာ သုတပန်းခင်း စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်၊ ခရိုင်ဦးစီးအရာရှိ ဦးခမ်လျန်ဆုမ်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးရွှေမောင်း၊ ယန်းခကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးအက်စ်သန်းအောင်နှင့် ရပ်မိရပ်ဖ ဦးနွဲ့စိုင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့ ပျက်စီး တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပံ့ပိုးဖြည့်ဆည်းပေးထား

နေပြည်တော် မတ် ၁၃

ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မတ် ၁၁ ရက်တွင် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအချို့ ရှိခဲ့ကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အေးရွာ၌ နေအိမ် ၁၆ လုံးခန့်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ နေအိမ် ၉၄ လုံးနှင့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ တဲအိမ် ၃၈ လုံးခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် သရက်ချောင်းကျေးရွာ၌ အိမ်ခြေ ၂၀ခန့် ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

လေဘေးသင့် မိသားစုများအား တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပံ့ပိုး ဖြည့်ဆည်းပေးထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အင်တာနက်၊ တယ်လီဖုန်း၊ ဖက်(စ်) သုံးနိုင်သည့် ဝန်ဆောင်မှုစတင်

ရန်ကုန် မတ် ၁၃

McWiLL စနစ်သည် Frequency 410-430 MHz ပေါ်တွင် 3.5G နည်းပညာသုံးထားပြီး Fixed နှင့် Mobile User များအတွက် မြန်နှုန်းမြင့် အင်တာနက်နှင့် တယ်လီဖုန်းစနစ်ကို အသုံးပြုထားသော နည်းပညာမြင့် စနစ်တစ်ခုဖြစ်သည်။ တယ်လီဖုန်းသည် MPT မှ ဝန်ဆောင်မှုပေးသည့် VoIP ဖုန်းဖြစ်သည်။ CS-OFDMA (Code Spreading Orthogonal Frequency Division Multiple Access) နည်းပညာ အားသာချက်ဖြင့် Data များ ပို့လွှတ်လက်ခံခြင်းတွင် အခြားသော နည်းပညာများထက် သာလွန်ကောင်းမွန်သည်။ McWiLL စနစ်ကို နိုင်ငံပေါင်း ၂၁နိုင်ငံတွင် လက်ရှိ အသုံးပြုနေကြပြီး မြန်မာနိုင်ငံ၏ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ ပုသိမ်၊ တောင်ငူ၊ တာချီလိတ်၊ မကွေး(စေတုတ္တရာ)၊ နန်တော၊ ခန္တီး၊ ဟုမ္မလင်း၊ ပင်လယ်ဘူး၊ ကလေးဝ၊ ဗန်းမောက်၊ မင်းကင်း၊ ကနီ၊ မြစ်ကြီးနား၊ မုံရွာ၊ ဖောင်းပြင်၊ ငဖဲမြို့များ၌ လက်ရှိ အသုံးပြုနေသည်။ ပြည်၊ မိတ္ထီလာ၊ တောင်ကြီး၊ ကျိုင်းတုံ၊ မြိတ်၊ လားရှိုး၊ မော်လမြိုင်၊ ရွှေဘို၊ ပုပ္ပားတောင် စသည့်မြို့များတွင် မကြာမီ အသုံးပြုနိုင်မည်ဖြစ်သည်။

Triple Play Service ဖြစ်သော Voice, Data, Video ကို အသုံးပြုနိုင်ခြင်းဖြင့် e Government, Remote Education, Telemedicine, Emergency Handling, e Payment, Mobile Police, Video, Surveillance, Military Applications တို့တွင် အသုံးပြုနိုင်သည်။

SIM Card မပါဘဲ User ID နှင့် Password ဖြင့်သာ သုံးစွဲရသဖြင့် ဖုန်းပွားခြင်းမှ စိုးရိမ်စရာမလိုကြောင်း၊ Laptop, PC တို့တွင် ချိတ်ဆက်သုံးနိုင်သည့်အပြင် အင်တာနက် အသုံးပြုနိုင်သည့် McWiLL စနစ်အသုံးပြုနိုင်သည့် ဟန်းဆက်များတွင်ပါ တိုက်ရိုက်အသုံးပြုနိုင်ကြောင်း သိရသည်။

ကနဦးတပ်ဆင်ခ ငွေကျပ် ၅၀၀၀၀၀ (Internet+ Voice အသုံးပြုခ ငွေကျပ် ၅၀၀၀၀ အပါအဝင်) နှင့် နှစ်စဉ်ကြေး ငွေကျပ် ၆၀၀၀၀ ပေးသွင်းရမည်။ တစ်မိနစ် အသုံးပြုခမှာ အမြန်နှုန်း 128 Kbps အတွက် ငွေနှစ်ကျပ်၊ 256Kbps အတွက် ငွေသုံးကျပ်၊ 512Kbps အတွက် ငွေခြောက်ကျပ်နှင့် 1Megabit အတွက် ငွေရှစ်ကျပ်ဖြင့် မိမိနှစ်သက်ရာ Data Plan ကို အသုံးပြုနိုင်သည်။ ငွေကျပ် ၁၀၀၀၀ ထပ်မံပေးသွင်းပါက ဖက်(စ်) လိုင်း အသုံးပြုနိုင်မည်ဖြစ်သည်။ SMS တစ်စောင်အတွက် ငွေ ၂၅ကျပ်နှင့် VoIP ဖုန်း အသုံးပြုခမှာ ပြည်တွင်း မည်သည့်နေရာကိုမဆို တစ်မိနစ် ငွေကျပ် ၅၀ ဖြစ်ပြီး ငွေကျပ် ၁၀၀၀၀၊ ငွေကျပ် ၃၀၀၀၀၊ FEC 20, FEC 50 Topup Card များကို ဝယ်ယူ၍ ငွေဖြည့်နိုင်သည်။

ဆက်သွယ်လိုပါက ရန်ကုန်မြို့ တိုက်(စီ) အခန်း ၀၁၂ လမ်းသွယ်(၂) Highway Complex နာနတ်တောလမ်း ကမာရွတ်မြို့နယ် ဖုန်း -၀၁-၅၂၃၅၂၃၊ ၀၁၀-၃၀၀၀၅၂၄၊ မန္တလေးမြို့ တိုက်(၅) ၂၆လမ်း (၇၈×၇၉) ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၂၁၅၁၇၊ မုံရွာမြို့ အမှတ် ၅၅ ဗိုလ်ချုပ်အောင်ဆန်းလမ်း အောင်မင်္ဂလာရပ်ကွက် ဖုန်း -၀၇၁-၂၁၇၇၂ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် အမှတ်(၆) ရပ်ကွက် မင်းရဲကျော်စွာလမ်းနှင့် ပေ ၁၀၀ခန့်အကွာတွင် စပါးခွံဓာတ်ငွေ့သုံး ဆန်စက်တစ်လုံး လည်ပတ်လျက်ရှိရာ ၎င်းဆန်စက်မှ ထွက်ရှိသော ရေဆိုးနှင့် ညှော်နံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ကျိုက်လတ်သား

ရပ်ကွက်အတွင်းမှ ကားပြင်အလုပ်ရုံ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် နှင်းဆီလမ်းနှင့် ပေါက်ပင်လမ်းကြားရှိ အိမ်တစ်အိမ်၏ ကားပြင်အလုပ်ရုံမှ ဒီဇယ်အင်ဂျင်မီးစက်မောင်းသံ၊ ကားဘော်ဒီထုရိုက်သံ၊ ဆေးမှုတ်ရာမှ ထွက်လာသော အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်တွင်နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ပြီး ကျန်းမာရေးထိခိုက်ရပါသဖြင့် အဆိုပါကားပြင်အလုပ်ရုံကို ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

လမ်းဆုံမှ ကားမှတ်တိုင် ပြောင်းရွှေ့ပေးစေချင်

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၈)ရပ်ကွက် စည်ပင်လမ်းနှင့်မြိတ်လမ်းထောင့်ရှိ ဂိတ်ဟောင်းကားမှတ်တိုင်သည် လမ်းလေးခွဆုံနှင့် အလွန်နီးကပ်နေပြီး ကားမှတ်တိုင်တွင် အငှားယာဉ်များဂိတ်ထိုးလျက်ရှိရာ ယာဉ်တိုက်မှုမကြာခဏဖြစ်ပေါ်နေပါသဖြင့် ကားမှတ်တိုင်ကို နောက်သို့ အနည်းငယ်ရွှေ့ပေးပြီး စည်းကမ်းမဲ့ရပ်နားနေသော အငှားယာဉ်များကို လိုအပ်သလို အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားတစ်ဦး

ရပ်ကွက်အတွင်းမှ သစ်ခွဲစက် စက်မှုဇုန်သို့ပြောင်းပေးပါ

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ် (၆၉) ရပ်ကွက် လူနေရပ်ကွက်အတွင်း မင်းကျော်ပျံချီလမ်းရှိ နေအိမ်တစ်အိမ်သည် လိုင်စင်မဲ့သစ်ခွဲစက်တည်ထောင်၍ သစ်ခွဲခြင်း၊ ပွတ်လုံးထိုးခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ၎င်းလုပ်ငန်းမှ အင်ဂျင်စက်သံ၊ သစ်ခွဲသံ၊ လွှသွေးသံများဆူညံခြင်းကြောင့် ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်စေသည့်အပြင် ထွက်ရှိလာသော လွှစာမှုန့်၊ သစ်ထိုးစများကို စုပုံထားသည်မှာလည်း မီးဘေးအန္တရာယ်စိုးရိမ်ရပါသောကြောင့် အဆိုပါလုပ်ငန်းကို စက်မှုဇုန်သို့ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးကင်းဝေးစေလိုသူ

ကျူးကျော်ဆိုင်ခင်းမှု ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

*မော်လမြိုင်မြို့ အမှတ်(၁) ခေတ်မီနှစ်ထပ်ဈေးသစ်ကြီးရှေ့ ဒေါင်းမင်းလမ်းနှင့် အောက်လမ်းမကြီးထောင့်ရှိ တီဗွီနှင့်ရေခဲသေတ္တာ အရောင်းဆိုင်အချို့သည် တီဗွီနှင့်ရေခဲသေတ္တာများကို ကတ္တရာလမ်းပေါ်အထိ ကျူးကျော်ခင်းချထားသဖြင့်**(အောက်ပုံ)** လမ်းပိတ်ဆို့ကာ ဈေးဝယ်သူများနှင့် မော်တော်ယာဉ်များ သွားလာရန် အခက်အခဲရှိပါသောကြောင့် ထိုသို့ ကျူးကျော်ပစ္စည်းချထားခြင်းကို ဖယ်ရှားနိုင်ရေး လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။*

ဈေးဝယ်သူများ

မီးသွေးဂိုဒေါင် ဖယ်ရှားရှင်းလင်းပြီးဖြစ်

၈-၂-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **မြိတ်မြို့ ထားဝယ်စုရပ် ဂုဏ်ရုံလမ်းမကြီးပေါ်ရှိ ကြေးအိုးဆိုင် တစ်ဆိုင်၏ မီးသွေးဂိုဒေါင် ဖယ်ရှားပေးပါရန်** ပေးစာနှင့်စပ်လျဉ်း၍ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

ဆိုင်ကယ်ပြုပြင်ဆူညံသံ ဆောင်ရွက်ပြီးစီး

၃၁-၁-၂၀၁၁ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံ ပေးစာပါ **မော်လမြိုင်မြို့ ကျိုက်ဖနဲရပ်ကွက် ကိုတောင်ကြီးလမ်းရှိဆိုင်ကယ်ပြုပြင်ခြင်းကြောင့် ပတ်ဝန်းကျင်ဆူညံ**ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ကတ္တရာလမ်း ပြုပြင်ဆောင်ရွက်ပြီးဖြစ်

၁၅-၉-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **မော်ဘီမြို့နယ် စုပေါင်းရုံးနှင့်နှောကုန်း ဆက်သွယ်ထားသော ကတ္တရာလမ်း နှစ်မိုင်အား ပြုပြင်ဆောင်ရွက်ပေးပါ** ပေးစာနှင့်စပ်လျဉ်း၍ ၁၅-၁၂-၂၀၁၀ ရက်တွင် မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြုပြင်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

စက်သုံးဆီဆိုင်အား ရှင်းလင်းဆောင်ရွက်ပြီးဖြစ်

၂၂-၂-၂၀၁၁ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံ ပေးစာပါ **ညောင်လေးပင်မြို့နယ်မှ စက်သုံးဆီဆိုင်ကြောင့် မီးဘေးအန္တရာယ် စိုးရိမ်ရ** ပေးစာနှင့်ပတ်သက်၍ ၂၃-၂-၂၀၁၁ရက်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပေးသည့် ဖယ်ရှားရှင်းလင်းရေးအဖွဲ့၊မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်နှင့်မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သောအဖွဲ့ဖြင့်ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်းတင်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

စိုက်ပျိုးရေးစီမံကိန်းတာဝန်ပေးအပ်ပွဲ ကျောင်းကုန်း၌ ကျင်းပ

ကျောင်းကုန်း မတ် ၁၂

၂၀၁၁-၂၀၁၂ ဂုန်လျှော်စိုက်ပျိုးရေး စီမံကိန်းတာဝန်ပေးအပ်ပွဲနှင့် လျှော်အများဆုံးထွက်ရှိသည့် တောင်သူဦးကြီးများအား ဂုဏ်ပြုပွဲကို မတ် ၁ရက် နံနက် ၁၀နာရီက ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်က အမှာစကားပြောကြားသည်။

တာဝန်ပေးအပ်

ဆက်လက်၍ ဂုန်လျှော်နှင့် လျှော်မျှင်များလုပ်ငန်းဌာန မြို့နယ်မန်နေဂျာ ဒေါ်အေးအေးမူက ဂုန်လျှော်၊ ချဉ်ပေါင်လျှော်စိုက်ပျိုး ထုတ်လုပ်မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်က စခန်းနယ်မြေခေါင်းဆောင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၈အုပ်စုမှ ဥက္ကဋ္ဌများအား တာဝန်ပေးအပ်လွှာများပေးအပ်သည်။ **(အပေါ်ပုံ)**

စိုက်ပျိုးမည်

ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုလွှာများ ပေးအပ်ကြသည်။ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ကျောင်းကုန်းတစ်မြို့နယ်လုံး၌ ဂုန်လျှော်ဧက ၃၅၀နှင့် ချဉ်ပေါင်လျှော်ဧက ၄၅၀ စုစုပေါင်း ဧက ၈၀၀စိုက်ပျိုး သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (၀၉၁)

အမြို့မြို့အနယ်နယ် သတင်း ထွေထွေ

သုတပညာစာကြည့်တိုက် ကျိုင်းတုံ၌ဖွင့်

ကျိုင်းတုံ မတ် ၁၂

ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု ပင်းဆိုင်းဝကျေးရွာ သုတပညာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၄ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်၊ ခရိုင်ဦးစီးအရာရှိ ဦးခမ်လျန်ဆုမ်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရွှေမောင်း၊ မိုင်းဇင်းကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးစိုင်းကံနှင့် ပင်းဆိုင်းဝကျေးရွာ ရပ်မိရပ်ဖ ဦးညီနပ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လက်ခံယူ

ထို့နောက် ခရိုင်ဦးစီးအရာရှိ ဦးခမ်လျန်ဆုမ်းက စာအုပ်စာစောင် ၅၀ကို လည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက စာအုပ်စာစောင် ၅၀ ကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအားဗျေ့ (ခ) ဦးအေးမောင်က သုတ ရသစာအုပ် ၈၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီအဖွဲ့ဝင်များက လက်ခံယူခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

အခြေခံမီးသတ်သင်တန်းဖွင့်

တောင်ကြီး မတ် ၁၃

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ရွှေညောင်မြို့ ပန့်ပုန်းကျေးရွာတွင် တောင်ကြီးမြို့နယ် မီးဘေးလုံခြုံရေးစီမံချက်အရ အကြိုအခြေခံမီးသတ်သင်တန်း အမှတ်စဉ် (၁/၂၀၁၁) ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက်က ပန့်ပုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

လေ့ကျင့်သင်ကြား

ရေးဦးစွာ ရှမ်းပြည်နယ် (တောင်ပိုင်း)မီးသတ်ဦးစီးဌာနမှူးလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဖေနှင့် ဦးစီးအရာရှိ ဦးအောင်သူတို့က အမှာစကားပြောကြားပြီး သင်တန်းကို ရက်သတ္တနှစ်ပတ်ကြာ မီးသတ်ပညာစာတွေ့၊ လက်တွေ့နှင့် အခြေခံစစ်ရေးပြတို့ကို လေ့ကျင့်သင်ကြားခဲ့ကြောင်း သိရှိရသည်။ (၁၈၉)

ပေးအပ်

ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း၂၅ဦးအား သက်သာငွေ ထောက်ပံ့ခြင်းနှင့် EVD စက်တစ်လုံးစီ ပေးအပ်ပွဲကို မတ် ၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်တင့် ထောက်ပံ့ငွေများပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

ကူးစက်ရောဂါများအကြောင်း မိုးမောက်၌ ပညာပေးဟောပြော

မိုးမောက် မတ် ၁၃

ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး၍ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ခြင်းနှင့် ကျွဲ၊ နွား ကူးစက်ရောဂါများအကြောင်း ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က မိုးမောက်မြို့နယ် မြို့သစ်ကျေးရွာ၌ ကျင်းပရာ ဗန်းမော်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါက်တာအောင်ကြည်ဦးက ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ခြင်း အကြောင်း ရှင်းလင်းပြောကြားပြီး မိုးမောက်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာ ရဲနိုင်ထွန်း၊ ဒေါက်တာ ဗိုလ်ဗိုလ်ထွေးတို့က ကျွဲ၊ နွားကူးစက်ရောဂါအကြောင်း ပညာပေး ဟောပြောကြသည်။

ပညာပေးဟောပြော

ဆက်လက်၍ ဖေဖော်ဝါရီ ၂၈ ရက်က ဒေါ့ဖုန်းယန်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာ ဗိုလ်ဗိုလ်ထွေးက ကျွဲ၊ နွားကူးစက်ရောဂါများအကြောင်းကို ဒိန်ဂါယန် ကျေးရွာတွင် ပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန)

မတ် ၃ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမျိုးမြင့်ကြိုင်က မူခင်းလျော့နည်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေးအကြောင်း ဟောပြောစဉ်။ (၀၄၅)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ချောင်းဆုံမြို့နယ် မြို့ရေပေးရေးလုပ်ငန်းဖြစ်သော ဂါလန် ၇၅၀၀၀ဆံ့ ရေလှောင်ကန်မှ မြို့တွင်းရေပိုက်သွယ်တန်းမှုကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦးနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းမြင့်အောင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်အဖွဲ့ ဖေဖော်ဝါရီ ၂၄ ရက်က အုတ်ဖိုမြို့နယ် ဂုံညင်းတန်း-အိုးသည်ကုန်းကျေးလက် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဌေးလွင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်တင့်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လှိုင်လင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကတ္တရာလမ်းဖြတ် ရေပိုက်လိုင်းများ ပေါက်ပြဲနေမှုကို အငယ်တန်းအင်ဂျင်နီယာ(၂)ဦးကျော်သူရနှင့်အဖွဲ့ ဖေဖော်ဝါရီ ၉ရက်က ပြုပြင်လဲလှယ်စဉ်။ (မြို့နယ်စည်ပင်)

ဘုတ်ပြင်းမြို့နယ် ထောင်စုံမဟက်-ထောင်ဖီး မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို မတ် ၅ ရက်က အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် မိုးညှင်းခရိုင် ဥက္ကဋ္ဌ ဦးတင်မောင်စိုးတို့ အောင်သပြေလမ်းသွယ်(၁၆)၌ မြို့တွင်းတံတားတည်ဆောက်မည့်နေရာကို ဖေဖော်ဝါရီ ၂၆ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအေးနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဦးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

14-3 (15).pmd 1 3/14/2011, 3:15 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

စက်ခလုတ်နှိပ်ဖွင့်လှစ်

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး ခုတင် (၅၅၀)ဆံ့ ရန်ကင်းကလေး ဆေးရုံသစ်ကြီး၏ မော်ကွန်းကမ္ပည်းကျောက်ပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး

မက်စ်မြန်မာကုမ္ပဏီမိသားစုက ပြုပြင်မွမ်းမံဆောက်လုပ်လှူဒါန်းသော ခုတင်(၅၅၀)ဆံ့ ရန်ကင်းကလေးဆေးရုံသစ်ကြီးဖွင့်ပွဲ တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် မတ် ၁၃

မက်စ်မြန်မာကုမ္ပဏီမိသားစုက ပြုပြင်မွမ်းမံဆောက်လုပ်လှူဒါန်းသော ခုတင် (၅၅၀)ဆံ့ ရန်ကင်းကလေးဆေးရုံသစ်ကြီးဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီ ၁၀ မိနစ်တွင် ရန်ကင်းမြို့နယ် ကံဘဲ့လမ်းရှိ အဆိုပါ ဆေးရုံသစ်ကြီးမျက်နှာစာ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တက်ရောက်အားပေးချီးမြှင့်ပြီး မော်ကွန်းကမ္ပည်းကျောက်ပြားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ၊ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆေးရုံအုပ်ကြီး ဒေါက်တာလှဲ့လှဲ့မှုသိဏ်းနှင့် ဆရာဝန် ဆရာမများ၊ သူနာပြုများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ မက်စ်မြန်မာကုမ္ပဏီမှ ဝန်ထမ်းများ၊ တစ်ခိုင်လုံးရွှေမင်္ဂလာစည်တော်အဖွဲ့နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❖

14-3 (20).pmd 1 3/14/2011, 3:15 AM